# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**သူတော်ကောင်းတရား ကြားနာရခြင်း**

လူအဖြစ်ကို ရခြင်းသည် ခဲယဉ်း၏။ သတ္တဝါတို့၏ အသက်ရှင်ခြင်းသည် ခဲယဉ်း၏။ သူတော်ကောင်း တရားကို ကြားနာရခြင်းသည် ခဲယဉ်း၏။ ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာရခြင်းသည် ခဲယဉ်း၏။

ဓမ္မပဒ(ဓမ္မပဒ-၁၈၂)


၁၃၈၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၈ ရက် | ၂၀၂၃ ခုနှစ်၊ အောက်တိုဘာ ၂၂ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၃)၊ အမှတ်(၀၂၂)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံ၏ လူဦးရေအပေါ်မူတည်၍ တစ်နေ့လျှင် လိုအပ်နိုင်မည့် အသား၊ ငါး၊ ဥအမျိုးမျိုးတို့ကို စနစ်တကျ သုံးသပ်တွက်ချက်၍ မွေးမြူဇုန်များ တိုးချဲ့နိုင်ရေးနှင့် တိုးချဲ့မွေးမြူနိုင်ရေးကို ဆောင်ရွက်

## အေးသာယာစက်မှုဇုန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို နိုင်ငံတော်မှ ဖြည့်ဆည်းပေးမည်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အေးသာယာစက်မှုဇုန်အတွင်းရှိ ရှမ်းရိုးမမွေးမြူရေးဇုန်၌ လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားစဉ်။

**နေပြည်တော် အောက်တိုဘာ ၂၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် တောင်ကြီးမြို့ အေးသာယာစက်မှုဇုန်အတွင်းရှိ ရှမ်းရိုးမမွေးမြူရေးဇုန် လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို သွားရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ ရှမ်းရိုးမမွေးမြူရေးဇုန်ရှင်းလင်းဆောင်၌ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒေါက်တာဝင်းဇင်မောင်က ရှမ်းရိုးမမွေးမြူရေးဇုန်ဆိုင်ရာ အချက်အလက်များနှင့် ဇုန်အတွင်း မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများ၊ မွေးမြူရေးဇုန်အတွင်း လုပ်ငန်းကော်မတီဖွဲ့စည်း၍ လုပ်ငန်းဆောင်ရွက်မှုများကို ကြီးကြပ်လျက်ရှိမှု၊ တိရစ္ဆာန်ကျန်းမာရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ စောင့်ရှောက်ရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိမှု၊ ဇုန်အတွင်း ဥစားကြက် မွေးမြူထားရှိမှု၊ နှစ်အလိုက် ကြက်ခြံ အရေအတွက်နှင့် ကောင်ရေ တိုးတက်လာမှုအခြေအနေများ၊


စာမျက်နှာ ၆ ကော်လံ ၁ ❖





# ဖွံ့ဖြိုးတိုးတက်ရေးရည်ရွယ်ချက်များနှင့် ရခိုင်ပြည်နယ်စီးပွားရေးဖိုရမ် (၂၀၂၃)

ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် "ရခိုင်ပြည်နယ်စီးပွားရေးဖိုရမ် (၂၀၂၃)"ကို အောက်တိုဘာလ ၂၂ ရက်(ယနေ့)တွင် ပြည်နယ်၏မြို့တော် စစ်တွေ၌ ကျင်းပပြီဖြစ်သည်။ ရခိုင်ပြည်နယ်အတွင်း ဒေသခံစွန့်ဦးတီထွင်စီးပွားရေးလုပ်ငန်းရှင်များ ပေါ်ထွက်လာစေရေးနှင့် ရခိုင်ပြည်နယ်၏ အနာဂတ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများအတွက် ရည်ရွယ်ကျင်းပသည့် အဆိုပါဖိုရမ်တွင် ရခိုင်ပြည်နယ်မှ စီးပွားရေးလုပ်ငန်းဆိုင်ရာ ပညာရှင်သုံးဦးတို့က အဓိက ဟောပြောဆွေးနွေးကြကာ ဒေသခံစီးပွားရေးလုပ်ငန်းရှင်များ၊ တက္ကသိုလ်ကျောင်းသား ကျောင်းသူများ၊ စီးပွားရေးပညာရှင်များ၊ လူငယ်များ ပါဝင်ဆွေးနွေးကြမည့် စကားဝိုင်းဆွေးနွေးပွဲ သုံးခုလည်း ပါဝင်မည်ဟု သိရသည်။

"စည်းဝေးခါခါ၊ ညီညာတက်ကြွ၊ လုပ်ဆောင်ကြလျက်၊ ရေးကရီးရာ၊ ထိန်းသိမ်းကာနှင့်၊ ဂုဏဝုဓို၊ ကြီး- မိ- ရိုသေ၊ ရှုလေမငြီး၊ သူ့သမီးကို၊ စောင့်စည်းကြည့်ရှု၊ စေတီရံနှင့်၊ ထေရ်ရှင်သူမြတ်၊ ပူဇော်အပ်၏၊ တိုင်းရပ်ပြည်ရွာ၊ ကြီးပွားကြောင်းတည်း။" ဟူသော အပရိဟာနိယတရား (၇)ပါးနှင့်အညီ မကြာမကြာ စည်းဝေးကြခြင်း၊ အစည်းအဝေးသို့ အညီအညွတ်တက်ရောက်၍ အညီအညွတ်ဆုံးဖြတ်ကြကာ ဆောင်ရွက်ရန်ကိစ္စဟူသမျှတို့ကို ညီညာဖြဖြ၊ တက်တက်ကြွကြွ ဆောင်ရွက်ကြခြင်းက ဒေသနှင့်ပြည်သူတို့အတွက် ကြီးပွားစည်ပင်မှု၊ တိုးတက်ဖွံ့ဖြိုးမှုတို့ကို ဖြစ်ထွန်းလာစေမည်ဖြစ်သည်။ ရခိုင်ပြည်နယ်သည် သဘာဝသယံဇာတကြွယ်ဝသည်။ ရေခံမြေခံကောင်းများလည်း ရှိသည်။ သို့ရာတွင် သဘာဝအလျောက် ရရှိထားသည့်အရင်းအမြစ်များကို အသိပညာရှင်၊ အတတ်ပညာရှင်၊ ကျွမ်းကျင်သူများပါဝင်သည့် အရည်အသွေးမြင့်မားသော လူ့စွမ်းအားအရင်းအမြစ်ကောင်းက အကျိုးရှိရှိ၊ ထိထိရောက်ရောက် ဖော်ထုတ်သုံးစွဲလုပ်ကိုင်နိုင်မှသာ အကျိုးစီးပွားဖြစ်ထွန်းမှုကို ရရှိနိုင်မည်ဖြစ်သည်။

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရက အလေးပေးဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများ ပီပြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများနှင့် ရခိုင်ပြည်နယ်အစိုးရတို့က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နေခြင်းဖြစ်သည်။ ဒေသတွင်း ကုန်ထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အသေးစား အငယ်စား အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးလာစေရန် ကူညီပံ့ပိုးမှုများ၊ အားပေးမှုများ ဆောင်ရွက်လျက်ရှိသည်။ သို့ရာတွင် စီးပွားရေးလုပ်ငန်းနယ်ပယ်များအတွင်း ကိုယ်တိုင်ပါဝင်လုပ်ကိုင်နေကြသည့် ဒေသခံစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့်လည်း လျှပ်စစ်၊ လောင်စာဆီ စသည့်စွမ်းအင်လိုအပ်ချက်၊ လုပ်ငန်းတည်ထောင်ရန်၊ တိုးချဲ့ရန် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လိုအပ်ချက်၊ အရည်အသွေးမြင့်ကုန်စည်များ ထုတ်လုပ်နိုင်ရန် နည်းပညာလိုအပ်ချက်၊ ကူးသန်းသွားလာရေးနှင့် ကုန်သွယ်ရေးတို့အတွက် လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးမှုလိုအပ်ချက်၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းရှင်များအတွက် သွင်းအားစုလိုအပ်ချက်စသည်ဖြင့် လိုအပ်ချက်များရှိနေမည်ဖြစ်သကဲ့သို့ ဖြေရှင်းဖြည့်ဆည်းနိုင်မည့် နည်းလမ်းများလည်း ရှိနေမည်သာဖြစ်သည်။

"နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဒေသတစ်ခုချင်းစီအလိုက် ၎င်းဒေသနှင့် ကိုက်ညီနိုင်မည့် စီးပွားရေးလုပ်ငန်းများကို ရေတိုရေရှည်တွက်ချက်ပြီး ဘက်ပေါင်းစုံမှ စဉ်းစားဆောင်ရွက်ရန်" ဟူသော နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ "ရခိုင်ပြည်နယ်စီးပွားရေးဖိုရမ်(၂၀၂၃)"မှ ဒေသနှင့်ကိုက်ညီပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသခံပြည်သူများ၏ လူနေမှုဘဝမြင့်မားရေးတို့ကို ဖော်ဆောင်နိုင်မည့် စွန့်ဦးတီထွင်စီးပွားရေးလုပ်ငန်းရှင်များ ပေါ်ထွက်လာကာ အနာဂတ်စီးပွားဖွံ့ဖြိုးတိုးတက်ရေး ရလဒ်ကောင်းများ ပေါ်ထွက်လာနိုင်ပါစေကြောင်း။ ။

# ၂၀၂၃ ခုနှစ်၊ (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ
## ဦးတည်ချက် (၄) ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊
၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊
၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှုအခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## မောင်တောမြို့၌ မြို့ဦးရွှေစည်းခုံဆံတော်မြတ်စေတီ ရွှေထီးတော်အသစ်တင်လှူပူဇော်နိုင်ရေး အလှူငွေများပေးအပ်

**မောင်တော အောက်တိုဘာ ၂၁**

ရခိုင်ပြည်နယ် မောင်တောမြို့၌ မိုခါမုန်တိုင်းဘေးကြောင့် ပျက်စီးခဲ့သော မြို့ဦးရွှေစည်းခုံ ဆံတော်မြတ်စေတီ ရွှေထီးတော်အသစ်တင်လှူပူဇော်နိုင်ရန်အတွက် အလှူငွေများပေးအပ်ခြင်းကို ယနေ့ နံနက် ၉ နာရီက သာသနဓဇမာန်တော်ကြီး၌ ကျင်းပသည်။



ဦးစွာ မိုခါမုန်တိုင်းဘေးကြောင့် ပျက်စီးခဲ့သော မြို့ဦးရွှေစည်းခုံ ဆံတော်မြတ်စေတီ ရွှေထီးတော်အသစ်တင်လှူပူဇော်နိုင်ရန်အတွက် အမှတ်(၁၅) နယ်မြေခံ စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ် စစ်ဆင်ရေးကွပ်ကဲရေးမှူး ဗိုလ်မှူးချုပ် သူရိန်ထွန်းနှင့် အရာရှိစစ်သည် မိသားစုဝင်များမှ လှူဒါန်းငွေကျပ် သိန်း ၂၀ နှင့် ဦးဆန်းဝင်း(MOBILE LIKE) ဖုန်းရောင်းဝယ်ရေး မန္တလေးမြို့မှ လှူဒါန်းငွေကျပ် သိန်း ၃၀ တို့အား ဗိုလ်မှူးချုပ် သူရိန်ထွန်းက လှူဒါန်းပေးအပ်ရာ ဘဏ္ဍာငွေရှာဖွေရေး ကော်မတီဥက္ကဋ္ဌ ဦးအောင်မြင့်သိန်းက လက်ခံရယူပြီး (ဝဲပုံ) ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခဲ့သည်။

အဆိုပါ မိုခါမုန်တိုင်းဘေးကြောင့် ပျက်စီးခဲ့သော မြို့ဦးရွှေစည်းခုံ ဆံတော်မြတ်စေတီ ရွှေထီးတော် အသစ်တင်လှူ ပူဇော်နိုင်ရန်အတွက် စုစုပေါင်း အလှူငွေလက်ခံရရှိမှုမှာ ငွေကျပ် ၂၁၅၅၀၀၀၀ တိတိ ဖြစ်ကြောင်း သိရသည်။ **သက်လွင်စိုး(ပြန်/ဆက်)**

## (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ပြိုင်ပွဲဝင်များ နေပြည်တော်သို့ ရောက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၁**

(၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဗဟိုအဆင့်ပြိုင်ပွဲများကို နေပြည်တော်တွင် ၂၀၂၃ ခုနှစ် အောက်တိုဘာ ၂၄ ရက်မှစ၍ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲများသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်များ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး(ယာပုံ) နှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်အဖွဲ့များနှင့် အုပ်ချုပ်သူများသည် ယနေ့နံနက်ပိုင်းမှစတင်၍ တည်းခိုနေထိုင်ကြမည့် နေပြည်တော် စစ်ကြောရေးနှင့် တည်းခိုရေးစခန်းသို့ ရောက်ရှိကြသည်။

ပြိုင်ပွဲဝင်အဖွဲ့များကို တာဝန်ရှိသူများက နွေးထွေးပျူငှာစွာ ကြိုဆိုနှုတ်ဆက်ကြပြီး သတ်မှတ်ထားသည့် တည်းခိုဆောင်များ အလိုက် နေရာချထားပေးကာ နေထိုင်စား သောက်ရေး အဆင်ပြေစေရေးအတွက် ပြင်ဆင်ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



## ထန်းတပင်မြို့နယ်၌ မိုးစပါးအထွက်နှုန်း မှတ်တမ်းတင်စံကွက်ရိတ်သိမ်း

**ထန်းတပင် အောက်တိုဘာ ၂၁**

ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ် အောင်မင်္ဂလာကျေးရွာအုပ်စု ကွင်းအမှတ်(၄၅၅)၊ ဦးပိုင်အမှတ် (၄၉/၈)ရှိ တောင်သူ ဦးမြင့်စိုး၏ ဆင်းသုခစပါးမျိုး မိုးစပါးစံပြစိုက်ခင်းတွင် ယမန်နေ့က မိုးစပါးအထွက်နှုန်း မှတ်တမ်းတင်စံကွက် ရိတ်သိမ်းပွဲ အခမ်းအနားကျင်းပသည်။ **(အောက်ဝဲပုံ)**



အခမ်းအနားတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးကိုကိုစိုးက မိုးစပါးသီးနှံအထွက်နှုန်း တိုးတက်အောင် ဆောင်ရွက်ခဲ့မှုများနှင့် မြေပဲ၊ မတ်ပဲ၊ ပဲတီစိမ်းသီးနှံများ ပန်းတိုင်အထွက်နှုန်း ပြည့်မီကျော်လွန်ရေးအတွက် မျိုးကောင်းမျိုးသန့် ပြောင်းလဲစိုက်ပျိုးရေး၊ စနစ်တကျ မြေပြုပြင်ရေး၊ သွင်းအားစု စနစ်တကျ သုံးစွဲရေး၊ အပင်အရေအတွက် ပြည့်မီရေးဆွေးနွေးခဲ့ပြီး တောင်ငူခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေဝင်းအောင်နှင့်အဖွဲ့ဝင်များက တောင်သူများအား မြေပဲ၊ မတ်ပဲ၊ နေကြာ မျိုးကောင်းမျိုးသန့်များကို ပေးအပ်ခဲ့သည်။

ထို့နောက် မိုးစပါးအထွက်နှုန်း မှတ်တမ်းတင် စံကွက်ရိတ်သိမ်းရာတွင် တစ်ကေအထွက်နှုန်း အစိုတင်း ၁၄၄ တင်းနှုန်း ထွက်ရှိပြီး အခြောက်တင်း ၁၃၄ တင်းနှုန်း ထွက်ရှိကြောင်းသိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား ညောင်ရွှေမြို့ရှိ အဌဒိသာဓမ္မဝိဟာရကျောင်းတော်ကြီးသို့ ပင့်ဆောင်အပူဇော်ခံပွဲနှင့် အင်းသားရိုးရာလှေလှော်ပြိုင်ပွဲသို့ တက်ရောက်

နေပြည်တော် အောက်တိုဘာ ၂၁

**အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား ညောင်ရွှေမြို့ရှိ အဌဒိသာဓမ္မဝိဟာရကျောင်းတော်ကြီးသို့ ပင့်ဆောင်အပူဇော်ခံပွဲအား ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ ဖောင်တော်ဦးဗုဒ္ဓရုပ်ပွားတော်မြတ်အား ဦးဆောင်ပြီး ပင့်ဆောင်ပူဇော်သည်။**

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီတွဲဖက် အတွင်းရေးမှူးနှင့် ဇနီး၊ ကောင်စီဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ဒေသခံ တိုင်းရင်းသား ပြည်သူများနှင့် ပြည်တွင်း၊ ပြည်ပခရီးသွား ဧည့်သည်များ စည်ကား သိုက်မြိုက်စွာ တက်ရောက် ကြည့်ရှုဖူးမြော်ကြသည်။

**ကြည့်ရှုအားပေး**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အခမ်းအနား တက်ရောက်လာကြသူများသည် ဖောင်တော်ပြန် ဧည့်ရိပ်သာသို့ ရောက်ရှိကြရာ တာဝန်ရှိသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူတို့က လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။ ယင်းနောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် တိုင်းရင်းသားရိုးရာအက အဖွဲ့များ၏ ကိန္နရီကိန္နရာအက၊ ရှမ်းတိုင်းရင်းသားရိုးရာအက၊ တိုးနယားအက၊ အင်းတိုင်းရင်းသားမီးဆုခံအက၊ ဓားသိုင်းအက၊ ပအိုဝ်းတိုင်းရင်းသားအက၊ ရှမ်းကြီးအက စသည့် ယဉ်ကျေးမှုပဒေသာကပွဲ ဖျော်ဖြေနေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး ဦးဆောင်သည့် အဖွဲ့ဝင်များသည် ဖောင်တော်ပြန် ဧည့်ရိပ်သာမှ ဖောင်တော်ဆိုက်ပြာသာဒ်ဆောင်သို့ စက်လှေများဖြင့် ထွက်ခွာရောက်ရှိကြပြီး ကရဝိက်ဖောင်တော်ဖြင့် ရောက်ရှိလာသည့် အင်းလေးဖောင်တော်ဦး မြတ်စွာဘုရားရုပ်ပွားတော်မြတ်များအား



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အင်းလေးဖောင်တော်ဦးမြတ်စွာဘုရားရုပ်ပွားတော်မြတ်များအား ညောင်ရွှေမြို့အတွင်း လှည့်လည်ပူဇော်ခံပြီး အဌဒိသာဓမ္မဝိဟာရကျောင်းတော်ကြီးသို့ ပင့်ဆောင်မည့် ဘော်ယာဉ်ပေါ်သို့ ပင့်ဆောင်ပူဇော်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ အင်းလေးဖောင်တော်ဦးမြတ်စွာဘုရားရုပ်ပွားတော်မြတ်များအား ရွှေသင်္ကန်းများ ကပ်လှူပူဇော်စဉ်။

ဖူးမြော်ကြည်ညို၍ ညောင်ရွှေမြို့အတွင်း လှည့်လည်ပူဇော်ခံပြီး အဌဒိသာဓမ္မဝိဟာရ ကျောင်းတော်ကြီးသို့ ပင့်ဆောင်မည့် ဘော်ယာဉ်ပေါ်သို့ အသီးသီး ပင့်ဆောင်ပူဇော်ကြသည်။

**ယှဉ်ပြိုင်လှော်ခတ်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အခမ်းအနား တက်ရောက်လာကြသူများသည် အင်းသားရိုးရာ လှေလှော်ပြိုင်ပွဲ ယှဉ်ပြိုင်လှော်ခတ်မှုများအား တက်ရောက်ကြည့်ရှုအားပေးကြသည်။ အဆိုပါ ပြိုင်ပွဲတွင် အမျိုးသား(၄၆)တက် အင်းသား ရိုးရာလှေလှော်ပြိုင်ပွဲ၊ အမျိုးသားရာကျော်လှေ အင်းသားရိုးရာလှေလှော်ပြိုင်ပွဲ၊ အမျိုးသား တစ်ဦးချင်း အင်းသားရိုးရာ လှေလှော်ပြိုင်ပွဲ၊ အမျိုးသမီး (၂၆) တက် အင်းသားရိုးရာလှေလှော် ပြိုင်ပွဲများအား အသီးသီးယှဉ်ပြိုင်လှော်ခတ်ကြသည်။

အင်းသားရိုးရာ လှေလှော်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင် အင်းလေးသူ၊ အင်းလေးသားတို့သည် ပြိုင်ပွဲ အမျိုးအစားအလိုက် အနိုင်မခံ အရှုံးမပေးသည့် စိတ်ဓာတ်များဖြင့် ခြေထောက်ကိုအသုံးပြု၍ လှေကိုလှော်ခတ်ကြပြီး အားကြိုးမာန်တက် ယှဉ်ပြိုင်ခဲ့ကြရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အခမ်းအနား တက်ရောက် လာကြသူများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ၊ ပြည်တွင်း၊ ပြည်ပမှ လာရောက်လည်ပတ်သူများက လက်ခုပ်လက်ဝါးများတီး၍ တစ်ခဲနက် အားပေးခဲ့ကြသည်။

**ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်**

အင်းသား ရိုးရာလှေလှော်ပြိုင်ပွဲများအပြီးတွင် ဆုပေးပွဲကို ဆက်လက် ကျင်းပပြုလုပ်ရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က ဆွမ်းပို့လှေ ဂုဏ်ပြုဆုများကို လည်းကောင်း၊ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က လှေယဉ်ဂုဏ်ပြုဆုများကို လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင် ခွန်စံလွင်က တစ်ဦးချင်းအင်းသား

*စာမျက်နှာ ၄ သို့*





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ တိုင်းရင်းသားရိုးရာအကအဖွဲ့များ၏ ဖျော်ဖြေမှုများကို ကြည့်ရှုအားပေးစဉ်။



အမှတ်လက်ဆောင်ကို ဂါရဝပြု ပေးအပ်သည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

အင်းသားလှေလှော်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အခမ်းအနား တက်ရောက်လာကြသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ရာ ဒေသခံ တိုင်းရင်းသား ပြည်သူများက ရိုးရာအိုးစည် ဗုံမောင်းများ တီးမှုတ်၍ လှိုက်လှဲနွေးထွေးစွာ ပြန်လည်ဂါရဝပြု နှုတ်ဆက်ဖောင်တော်ဦး မြတ်စွာဘုရားအား ရွှေသင်္ကန်းများ ကပ်လှူပူဇော်ကြသည်။

**ရွှေသင်္ကန်းများကပ်လှူပူဇော်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က အင်းလေးဖောင်တော်ဦး မြတ်စွာဘုရားအား ဆွမ်း၊ သောက်တော်ရေချမ်း၊ ပန်းနှင့် ဆီမီးတို့ ကပ်လှူပူဇော် ဖူးမြော်ကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အင်းလေးဖောင်တော်ဦး မြတ်စွာ

## ကြည့်ရှုအားပေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ၊ အခမ်းအနား တက်ရောက်လာကြသူများ အင်းသားရိုးရာ လှေလှော်ပြိုင်ပွဲ ယှဉ်ပြိုင် လှော်ခတ်မှုများကို ကြည့်ရှုအားပေးစဉ်။



*စာမျက်နှာ ၃ မှ*

ရိုးရာလှေပြိုင်ပွဲတွင် နှစ်သိမ့်ဆုရရှိသူများကို လည်းကောင်း၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ညိုစောက အမျိုးသား(၄၆)တက် လှေလှော်ပြိုင်ပွဲတွင် နှစ်သိမ့်ဆုရရှိသည့် အသင်းများကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး မောင်မောင်အေးက အမျိုးသားရာကျော် လှေလှော်ပြိုင်ပွဲတွင် နှစ်သိမ့်ဆုရရှိသည့် အသင်းများကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး မြထွန်းဦးက တစ်ဦးချင်း အင်းသားရိုးရာ လှေပြိုင်ပွဲတွင် ပထမဆုနှင့် ဒုတိယဆုရရှိသူများကိုလည်းကောင်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးက အမျိုးသား(၄၆)တက် လှေလှော်ပြိုင်ပွဲတွင် ပထမဆုနှင့် ဒုတိယဆုရရှိသည့် အသင်းများကိုလည်းကောင်း ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

**ဂုဏ်ပြုဆုနှင့်ချီးမြှင့်ငွေပေးအပ်**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှက အမျိုးသမီး(၂၆)တက် လှေလှော်ပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် မိုင်းသောက်အင်းကျေးရွာအသင်းနှင့် ပထမဆုရရှိသည့် အိုင်ထောင့်ကြီးကျေးရွာ(ခ) အသင်းတို့အား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမျိုးသားရာကျော်လှေပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် ရွှေပြည်သာကျေးရွာအသင်းနှင့် ပထမဆုရရှိသည့် ကေလာကျေးရွာအသင်းတို့အား ဂုဏ်ပြုဆုနှင့် ချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ထံသို့ ရှမ်းပြည်နယ်ဝန်ကြီးချုပ်က အင်းသားရိုးရာလှေလှော်ပြိုင်ပွဲ အထိမ်းအမှတ်... ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး ဦးဆောင်သည့် အဖွဲ့ဝင်များသည် အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား ခေတ္တကိန်းဝပ် စံပယ်တော်မူမည့် အဌဒိသာဓမ္မဝိဟာရ ကျောင်းတော်ကြီးသို့ ရောက်ရှိကြပြီး အင်းလေးဖောင်တော်ဦး မြတ်စွာဘုရား ရောက်ရှိလာမှုများအား ကြိုဆိုဖူးမြော်၍ သံဃာတော်များက အင်းလေး ဘုရားအား ရွှေသင်္ကန်းများ ကပ်လှူပူဇော် ဖူးမြော်ကြည်ညို ကြသည်။

ဆက်လက်၍ အင်းလေး ဖောင်တော်ဦး ရုပ်ပွားတော်မြတ်များ ညောင်ရွှေစံကျောင်းတော်ဝင်ပွဲအခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရား ကန်တော့ ဖွင့်လှစ်ကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသား

*စာမျက်နှာ ၅ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အမျိုးသားရာကျော်လှေပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကေလာကျေးရွာအသင်းအား ဂုဏ်ပြုဆုနှင့် ချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှ အမျိုးသမီး(၂၆)တက် လှေလှော်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် အိုင်ထောင့်ကြီးကျေးရွာ(ခ) အသင်းအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်စဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ အင်းလေးဖောင်တော်ဦးမြတ်စွာဘုရားအား ဖူးမြော်ကြည်ညိုကြစဉ်။



အင်းလေးဖောင်တော်ဦးရုပ်ပွားတော်မြတ်များ ညောင်ရွှေစံကျောင်းတော်ဝင်ပွဲ အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ အဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ ဆရာတော် သံဃာတော် အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြစဉ်။

*စာမျက်နှာ ၄ မှ*

ပြည်သူတို့က ညောင်ရွှေမြို့ ကန်ကြီးကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တပညာဝံသထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြသည်။ ထို့နောက် ဆရာတော် သံဃာတော် အရှင်သူမြတ်များ ရွတ်ပွား သရဇ္ဈာယ်တော်မူကြသည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

**လှူဖွယ်ပစ္စည်းများဆက်ကပ်**

ငင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များက ဆရာတော်ကြီးများထံသို့ လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသားပြည်သူများသည် ကန်ကြီးကျောင်းတိုက် ဦးစီးပဓာန နာယက ဆရာတော်ထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ "ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်းကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြသည်။

**ပေးအပ်လှူဒါန်း**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က အဋ္ဌဒိသာဓမ္မဝိဟာရဒေသစာရီ ကျောင်းတော်ကြီး ဘက်စုံ မွမ်းမံ ထိန်းသိမ်းပြုပြင်စောင့်ရှောက်ရန်အတွက် ဘက်စုံ အလှူငွေများကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြသည်။

ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး ဦးဆောင်သည့် အဖွဲ့ဝင်များသည် ယမန်နေ့ညနေပိုင်းတွင်လည်း တောင်ကြီးမြို့ ကျက်သရေဆောင် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးနှင့် စူဠာမုနိလောကချမ်းသာ စေတီတော်တို့သို့ သွားရောက်ဖူးမြော်ကြည်ညိုသည်။

**ဖူးမြော်ကြည်ညို**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး ဂေါပကအဖွဲ့ အလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့်အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် စေတီတော်မြတ်ကြီးအား ပန်း ရေချမ်း ဆီမီး ကပ်လှူပူဇော်ပြီး စေတီတော်မြတ်ကြီးအား လက်ယာရစ် လှည့်လည်ဖူးမြော်ကြည်ညိုကြသည်။

ယင်းနောက် စေတီတော်မြတ်ကြီးပေါ်ရှိ ရှုခင်းသာ View Point မှတစ်ဆင့် တောင်ကြီးမြို့၏ အလှအပများကို ကြည့်ရှုကာ တောင်ကြီးမြို့သည် မိမိတို့နိုင်ငံရှိ အထင်ကရမြို့ကြီးများတွင် ပါဝင်ပြီး စည်းကမ်းစနစ်တကျရှိသည့်မြို့၊ သန့်ရှင်းသာယာလှပသည့် မြို့ဖြစ်စေရေးအားလုံးက ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုသည့် အခြေအနေများ၊ မြို့၏ သဘာဝအရင်းအမြစ်များ မပျောက်ပျက်ရန်နှင့် ရေရှည်တည်တံ့ ခိုင်မြဲမှုရှိအောင် ထိန်းသိမ်းဆောင်ရွက်ရန် လိုအပ်သည့် အခြေအနေများနှင့် မြစိမ်းတောင် တောင်တက်လမ်းကို ယခုထက်ပြေပြစ်ချောမွေ့သည့် လမ်းကြောင်းအဖြစ် ပြန်လည်ပြုပြင်နိုင်ရေးနှင့် မြို့လယ် ဗိုလ်ချုပ်လမ်းမကြီးအား အဆင့်မြှင့်တင်နိုင်ရေး သုတေသနပြု ဆန်းစစ်သွားရန် လိုအပ်သည့် အခြေအနေများနှင့် ပတ်သက်၍ တာဝန်ရှိသူများအား ဆွေးနွေးမှာကြားခဲ့သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က စေတီတော်ကြီးအတွက် ဘက်စုံအလှူငွေများကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့၊ အလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက လက်ခံရယူခဲ့ကြသည်။

**လက်မှတ်ရေးထိုးပူဇော်ခဲ့**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပူဇော်ခဲ့သည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စူဠာမုနိလောကချမ်းသာ စေတီတော်သို့ ရောက်ရှိကြရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးညိုလုံးနှင့် အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စေတီတော်လိုဏ်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုကာ ပန်း၊

*စာမျက်နှာ ၆ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ဆရာတော်အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးပေါ်ရှိ ရှုခင်းသာ View Point မှတစ်ဆင့် တောင်ကြီးမြို့၏ အလှအပများကို ကြည့်ရှုစဉ်။

*စာမျက်နှာ ၅ မှ*

သောက်တော်ရေချမ်း ကပ်လှူပူဇော်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စေတီတော်လိုဏ်အတွင်းနှင့် အပြင်ပတ်လမ်းတို့အား လက်ယာရစ် လှည့်လည်ဖူးမြော်ကြည်ညိုရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ယခုနှစ် မေလအတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် လာရောက်ဖူးမြော်စဉ် ပြုပြင်မွမ်းမံထိန်းသိမ်းရန် မှာကြားချက်များအား ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို လိုက်လံရှင်းလင်း တင်ပြသည်။ ရှင်းလင်း တင်ပြမှုများအပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စေတီတော်ကြီး ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ဘုရားဖူးလာပြည်သူများ စိတ်အေးချမ်းသာစွာ ဖူးမြော်ကြည်ညိုနိုင်ရေး စဉ်ဆက်မပြတ် ထိန်းသိမ်းဆောင်ရွက်သွားရန် လိုအပ်သည်များကို မှာကြားသည်။ ထိုသို့ လှည့်လည်ဖူးမြော်စဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဘုရားဖူးလာပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က စေတီတော်ကြီးအတွက် ဘက်စုံအလှူငွေများကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လက်ခံရယူသည်။ ထို့နောက် စူဠာမုနိလောကချမ်းသာစေတီတော် ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လက်မှတ်ရေးထိုးပူဇော်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

*❖ရှေ့ဖုံးမှ*

ရှမ်းပြည်နယ် (တောင်ပိုင်း)မှ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ကြက်ဥများ ဖြန့်ဖြူးပေးလျက်ရှိမှု၊ အဆင့်မြင့်နည်းပညာအသုံးပြု ဥစားကြက်ခြံများ ဆောင်ရွက်လျက်ရှိမှု၊ မွေးမြူရေးဇုန်အတွင်း ဖြစ်ပေါ်လာနိုင်သည့် ရောဂါများဆိုင်ရာ အသိပညာပေးဟောပြောမှုများ ဆောင်ရွက်လျက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

**ဥစားကြက်မွေးမြူရေးလုပ်ငန်း**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မွေးမြူရေးဇုန်အတွင်း အစာထုတ်လုပ်မှု၊ ကျွေးမွေးမှုနှင့် ရေပြည့်ဝစွာရရှိရေး ဆောင်ရွက်ထားရှိမှုနှင့် ပတ်သက်၍ သိရှိလိုသည်များ မေးမြန်းဆွေးနွေးပြီး ယခု အေးသာယာစက်မှုဇုန်အတွင်းရှိ ရှမ်းရိုးမမွေးမြူရေးဇုန်တွင် လုပ်ငန်းဆောင်ရွက်မှုများနှင့် ပတ်သက်၍ လိုအပ်သည်များကိုဖြည့်ဆည်းပေးနိုင်ရန်နှင့် အားပေးရန်အတွက် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ဒေသထွက် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို အခြေခံသည့် စက်မှုလုပ်ငန်းများ လုပ်ဆောင်နိုင်ရေးအတွက် အေးသာယာစက်မှုဇုန်ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ နို့နှင့် နို့ထွက်ပစ္စည်းများကို ပြည်ပမှ တင်သွင်းနေရမှု လျော့နည်းသွားစေရန်အတွက် နို့စားနွား မွေးမြူရေးကို ဆောင်ရွက်ကြရန် ဦးစွာရည်ရွယ်ခဲ့သော်လည်း ဒေသခံများ ပိုမိုစိတ်ဝင်စားသည့် ဥစားကြက်မွေးမြူရေးလုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရသည့်အတွက် ဝမ်းမြောက်မိပါကြောင်း။

**ဈေးနှုန်းကြီးမြင့်မှု လျှော့ချနိုင်**

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုနှင့် နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေများကြောင့် အခက်အခဲများ ဖြစ်ပေါ်ခဲ့ချိန်တွင် အေးသာယာစက်မှုဇုန်အတွင်းရှိ ရှမ်းရိုးမမွေးမြူရေးဇုန်မှ ကြက်ဥများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အရေအတွက်များစွာ ဖြန့်ဖြူးပေးနိုင်ခဲ့သည့်အတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေခဲ့ပါကြောင်း၊ ဆက်လက်၍လည်း မွေးမြူရေးဇုန်တိုးချဲ့နိုင်ရေးနှင့် တိုးချဲ့မွေးမြူနိုင်ရေးအတွက်လည်း လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကြက်ဥလိုအပ်ချက်သည် နေ့စဉ်ရှိနေပြီး ဈေးကွက်လိုအပ်ချက်ကို ပြည့်မီအောင် ထုတ်လုပ်နိုင်မည်ဆိုပါက ကြက်ဥဈေးနှုန်းကြီးမြင့်မှုကိုလည်း လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံ၏ လူဦးရေအပေါ်မူတည်၍ တစ်နေ့လျှင် လိုအပ်နိုင်မည့် အသား၊ ငါး၊ ဥအမျိုးမျိုးတို့ကို စနစ်တကျသုံးသပ်တွက်ချက်၍ မွေးမြူဇုန်များ တိုးချဲ့နိုင်ရေးနှင့် တိုးချဲ့မွေးမြူနိုင်ရေးကို ဆောင်ရွက်ကြစေလိုကြောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း)အနေဖြင့် အစာစပ်စက်ရုံ ဆောင်ရွက်ပြီး မွေးမြူရေးအစာလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည့် အခြေအနေရှိပြီးဖြစ်ကြောင်း၊ မွေးမြူရေးအစာထုတ်လုပ်ရန် ဒေသတွင်းထွက်ရှိသည့် ကုန်ကြမ်းများလည်း ရှိပြီးဖြစ်သဖြင့် အစာစပ်စက်ရုံကို စနစ်တကျဆောင်ရွက်ပြီး ဒေသတွင်းနှင့် နိုင်ငံတစ်ဝန်းသို့ ဖြန့်ဖြူးပေးနိုင်ရမည်ဖြစ်ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းရိုးမမွေးမြူရေးဇုန်အတွင်းရှိ ဒေါက်တာစိုင်းလုံ၏ အလုံပိတ် အအေးခန်းစနစ်(Evaporated Cooling System)ဖြင့် အဆင့်မြင့်ကြက်မွေးမြူရေး ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစဉ်။

**❍ အေးသာယာစက်မှုဇုန်သည် တစ်နိုင်ငံလုံးသို့ ကြက်ဥများ အဓိကဖြန့်ဖြူးသည့် နေရာတစ်ခုဖြစ်၊ ကြက်ခြံများ တိုးချဲ့နိုင်ရေးအတွက်လည်း သမားရိုးကျနည်းလမ်းများအပြင် ခေတ်မီနည်းစနစ်များဖြင့် တိုးချဲ့ဆောင်ရွက်သင့်၊ အလုံပိတ်အအေးခန်းစနစ် (Evaporated Cooling System)ဖြင့် အဆင့်မြင့်ကြက်မွေးမြူခြင်းသည် အရင်းအနှီးအားဖြင့် များသည်ဖြစ်သော်လည်း ဇီဝလုံခြုံမှုအပြည့်အဝရှိမည်ဖြစ်ပြီး အထွက်နှုန်းကောင်းမွန်ခြင်း၊ အရည်အသွေးမြင့် ကြက်ဥများ ရရှိနိုင်ခြင်းအပြင် အခြားအကျိုးကျေးဇူးများစွာ ရရှိနိုင်မည်ဖြစ်**

အေးသာယာစက်မှုဇုန်သည် တစ်နိုင်ငံလုံးသို့ ကြက်ဥများအဓိက ဖြန့်ဖြူးသည့်နေရာတစ်ခုဖြစ်ကြောင်း၊ ကြက်ခြံများ တိုးချဲ့နိုင်ရေးအတွက်လည်း သမားရိုးကျနည်းလမ်းများအပြင် ခေတ်မီနည်းစနစ်များဖြင့် တိုးချဲ့ဆောင်ရွက်သင့်ကြောင်း၊ အလုံပိတ် အအေးခန်းစနစ်(Evaporated Cooling System) ဖြင့် အဆင့်မြင့်ကြက်မွေးမြူခြင်းသည် အရင်းအနှီးအားဖြင့် များသည်ဖြစ်သော်လည်း ဇီဝလုံခြုံမှုအပြည့်အဝရှိမည်ဖြစ်ပြီး အထွက်နှုန်းကောင်းမွန်ခြင်း၊ အရည်အသွေးမြင့် ကြက်ဥများ ရရှိနိုင်ခြင်းအပြင် အခြားအကျိုးကျေးဇူးများစွာ ရရှိနိုင်မည်ဖြစ်ကြောင်း၊ အေးသာယာစက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို နိုင်ငံတော်မှ ဖြည့်ဆည်းပေးမည်ဖြစ်သဖြင့် သက်ဆိုင်ရာ ဦးစီးဌာနများ၊ ဝန်ကြီးဌာနများနှင့် ပြည်နယ်အဆင့်တို့မှတစ်ဆင့် ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရှမ်းရိုးမမွေးမြူရေးဇုန်အတွင်းရှိ ဒေါက်တာစိုင်းလုံ၏ အလုံပိတ် အအေးခန်းစနစ်(Evaporated Cooling System)ဖြင့် အဆင့်မြင့်ကြက်မွေးမြူရေး ဆောင်ရွက်ထားရှိမှုကို သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်နိုင်မည့်အခြေအနေများနှင့် ပတ်သက်၍ လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား တိုင်းမှူး ဗိုလ်ချုပ်လှမိုးက နန်းသီတာဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်းအတွင်း လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နန်းသီတာ ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေး

## စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အထွက်နှုန်းတိုးအောင်ဆောင်ရွက်ပြီး ပြည့်ပြည့်ဝဝ ဖူလုံစွာစားသုံးနိုင်အောင် ကြိုးပမ်းဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၂၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် ခရီးစဉ်တွင်လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နန်းသီတာ ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**သက်သာသောနှုန်းဖြင့် ရောင်းချပေး**

ဦးစွာ စိုက်ပျိုးမွေးမြူရေးစခန်း ရှင်းလင်းဆောင်၌ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် လှမိုးနှင့် တာဝန်ရှိသူများက နန်းသီတာ ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်းအတွင်း မိုးစပါး စိုက်ပျိုးထားရှိမှု၊ ဥစားကြက်နှင့် အသားစားကြက်များ မွေးမြူထားရှိမှု၊ နို့စားနွားများမွေးမြူထားရှိမှု၊ ဥစားဘဲများမွေးမြူထားရှိမှု၊ DYL ဝက်များ မွေးမြူထားရှိမှု၊ ငါးမွေးမြူရေးဆောင်ရွက်ထားရှိမှု၊ မြက်ချဉ်ဖက်စမ်းသပ်ထုတ်လုပ်နေမှု၊ ဆိတ်မွေးမြူရေးဆောင်ရွက်ထားရှိမှု၊ အစာစပ်လုပ်ငန်းဆောင်ရွက်ထားရှိမှုနှင့် တပ်ရင်းတပ်ဖွဲ့များသို့ ဖြန့်ဖြူးရောင်းချလျက်ရှိမှု၊ စိုက်ပျိုးမွေးမြူရေးခြံမှထွက်ရှိသည့် အသား၊ ငါး၊ ဥနှင့် အသီးအရွက်များကို တပ်မတော်သားမိသားစုများနှင့် ဝန်ထမ်းများကို ပြင်ပပေါက်ဈေးထက် သက်သာသောနှုန်းထားများဖြင့် ရောင်းချပေးလျက်ရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နန်းသီတာဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်း၌ ဘဲများ မွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်၌ ဘက်စုံစိုက်ပျိုးမွေးမြူရေး စခန်းများ အကောင်အထည်ဖော်ဆောင်ရွက်စေခြင်းသည် အရာရှိ၊ စစ်သည်များနှင့် တပ်မိသားစုဝင်များ အသားငါးနှင့် ဟင်းသီးဟင်းရွက်များကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသုံးနိုင်ရန် ဖြစ်ပြီး ပိုလျှံပါက ဒေသခံများသို့ ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချနိုင်ခြင်းဖြင့် ဒေသ၏ စီးပွားရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ရန် ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေး ဆောင်ရွက်ရာတွင် စဉ်ဆက်မပြတ်သော ထုတ်လုပ်မှုမျိုးဖြစ်စေရေး မွေးမြူမှု၊ စိုက်ပျိုးမှု အချိန်ကာလတို့ကို စနစ်တကျ တွက်ချက်ချိန်ညှိ၍ အသုတ်လိုက် မွေးမြူသည့်စနစ်ဖြင့် ထုတ်လုပ်မှုကို ပြတ်လပ်မှုမရှိစေရေး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မိုးစပါးများစိုက်ပျိုးရာတွင် ပန်းတိုင်ရည်မှန်းချက်များ ပြည့်မီစေရေး မျိုး၊ မြေ၊ ရေ၊ နည်းစသည့် လေးချက်နှင့်အညီ စိုက်ပျိုးဆောင်ရွက်ရန်လိုကြောင်း၊ အလားတူ နွေစပါးစိုက်ပျိုးမှုများကိုလည်း အောင်မြင်ဖြစ်ထွန်းအောင်ဆောင်ရွက်ရန်လိုကြောင်း၊ ဥစားဘဲများအား ယခုထက် ပိုမိုတိုးချဲ့မွေးမြူနိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ မွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့်အစာများ ရရှိနိုင်ရေး ဒေသတွင်းရရှိနိုင်သည့် ကုန်ကြမ်းများ အသုံးပြုကာ အဆင့်မီအစာထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း။

**အထွက်နှုန်းတိုးအောင် ဆောင်ရွက်**

နွားနို့နှင့် အသားထွက်နှုန်းကောင်းမွန်ရေးဆောင်ရွက်ရန်အတွက် အစာစပ်သည့်စနစ်တွင် ပါဝင်ရမည့်ပစ္စည်းများ အချိုးအစားမှန်ကန်ရန်နှင့် ရေပေးဝေမှုစနစ်ကျနဖူလုံရန်လိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ အထွက်နှုန်းတိုးအောင် ဆောင်ရွက်ပြီး မိမိတို့၏ တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအားလုံး ပြည့်ပြည့်ဝဝ ဖူလုံစွာ စားသုံးနိုင်အောင် ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ငါးမွေးမြူရေးဆောင်ရွက်ရာတွင် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းသည့် ငါးမျိုးများကို သုတေသနပြုမွေးမြူဆောင်ရွက်ကြရန်လိုကြောင်း၊ တိုင်းစစ်ဌာနချုပ် အစာစက်ရုံကို တိုးချဲ့ဆောင်ရွက်ပြီး ကွပ်ကဲမှုအောက် တပ်ရင်းတပ်ဖွဲ့များ၊ သင်တန်းကျောင်းများမှ မွေးမြူရေးလုပ်ငန်းများအတွက်လိုအပ်သည့် မွေးမြူရေးအစာများကို ဖြန့်ဖြူးပေးနိုင်ရမည်ဖြစ်ကြောင်း။

နန်းသီတာ ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်းအနေဖြင့် သက်တမ်းရင့် စိုက်ပျိုးမွေးမြူရေးစခန်းဖြစ်ပြီး အတွေ့အကြုံများစွာရှိပြီးဖြစ်ကြောင်း၊ တိုင်းစစ်ဌာနချုပ် ဘက်စုံ စိုက်ပျိုးမွေးမြူရေး စခန်းများသည် စံပြဖြစ်နေရမည်ဖြစ်ပြီး တာဝန်ပေးအပ်ရာတွင်လည်း အမှန်တကယ်အလုပ်လုပ်နိုင်သည့်သူများကိုသာ ရွေးချယ်တာဝန်ပေးအပ်သွားရန်လိုကြောင်း၊ ထုတ်လုပ်မှုကုန်ကျစရိတ်များကို တတ်နိုင်သမျှနည်းပါးအောင် ဆောင်ရွက်ပေးနိုင်မည်ဆိုပါက ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးနိုင်မည်ဖြစ်သဖြင့် သက်သာချောင်ချိရေးကို များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ တိုင်းစစ်ဌာနချုပ်အဆင့် စိုက်ပျိုးမွေးမြူရေးစခန်း ဖြစ်သဖြင့် မှန်ကန်ကောင်းမွန်သည့် လုပ်ငန်းဆောင်ရွက်မှုစနစ်ရှိရမည်ဖြစ်ကာ မြေကိုအကျိုးရှိရှိ အသုံးချနိုင်ရမည်ဖြစ်ကြောင်း၊ ရေကိုအကျိုးရှိရှိ အသုံးချနိုင်ရေးအတွက် စနစ်ကျနသည့် ရေသုံးစွဲမှုစနစ်ရှိရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

**မွေးမြူရေးဆောင်ရွက်ထားရှိမှု ကြည့်ရှု**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် နန်းသီတာ ဘက်စုံစိုက်ပျိုးမွေးမြူရေး စခန်းအမှတ် (၁)နှင့် (၂)တို့အတွင်း ဝက်၊ ဘဲ၊ နွားနှင့် ဥစားကြက်မွေးမြူထားရှိမှုတို့အပါအဝင် စိုက်ပျိုးရေးနှင့် မွေးမြူရေးဆောင်ရွက်ထားရှိမှုများအား လိုက်လံကြည့်ရှုစစ်ဆေးရာ တာဝန်ခံများက အသီးသီးရှင်းလင်းတင်ပြကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

○ နွားနို့နှင့် အသားထွက်နှုန်းကောင်းမွန်ရေး ဆောင်ရွက်ရန်အတွက် အစာစပ်သည့်စနစ်တွင် ပါဝင်ရမည့်ပစ္စည်းများ အချိုးအစားမှန်ကန်ရန်နှင့် ရေပေးဝေမှု စနစ်ကျနဖူလုံရန်လို

○ ငါးမွေးမြူရေးဆောင်ရွက်ရာတွင် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းသည့် ငါးမျိုးများကို သုတေသနပြုမွေးမြူဆောင်ရွက်

# ပါတီဝင်အင်အားများကို ဥပဒေနှင့်အညီ စုဆောင်းထူထောင်ခြင်းဖြင့် မိမိဒေသအကျိုး၊ နိုင်ငံ့အကျိုး သယ်ပိုးနိုင်သည့် ခိုင်မာအားကောင်းသော နိုင်ငံရေးပါတီများဖြစ်ပေါ်လာစေရေး ကြိုးပမ်းဆောင်ရွက်ရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ မှာကြား

**နေပြည်တော် အောက်တိုဘာ ၂၁**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသိန်းစိုးသည် ကော်မရှင်အဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းက မန္တလေးမြို့ လွှတ်တော်ရုံးဟောင်း အစည်းအဝေးခန်းမ၌ နိုင်ငံရေးပါတီ ၆ ပါတီမှ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်ပါတီဥက္ကဋ္ဌများ၊ အလုပ်အမှုဆောင်များအား တွေ့ဆုံ၍ ပါတီဝင်အင်အားများ စုဆောင်းမှုကအစ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေ၊ နည်းဥပဒေများ အပါအဝင် သက်ဆိုင်ရာ တည်ဆဲဥပဒေများနှင့်အညီ ထူထောင်ဆောင်ရွက်ခြင်းဖြင့် မိမိဒေသအကျိုး၊ နိုင်ငံတော်အကျိုးသယ်ပိုးနိုင်သည့် ခိုင်မာအားကောင်းသော နိုင်ငံရေးပါတီများဖြစ်လာစေရေး ကြိုးပမ်းဆောင်ရွက်ရန် မှာကြားသည်။



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက မှာကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကို ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီ ၂၆ ရက်တွင်လည်းကောင်း၊ နည်းဥပဒေများကို ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီ ၃၁ ရက်တွင်လည်းကောင်း ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါကြောင်း၊ နိုင်ငံတစ်ဝန်း စည်းရုံးမည့်ပါတီဖြစ်ပါက ပါတီဝင်အင်အားအနည်းဆုံး ၁၀၀၀၀၀ နှင့် တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်တစ်ခုအတွင်းသာ စည်းရုံးမည့်ပါတီဖြစ်ပါက ပါတီဝင်ဦးရေ အနည်းဆုံး ၁၀၀၀ ကို မှတ်ပုံတင်ခွင့်ပြုချက်ရရှိပြီးသည့်နေ့မှ ရက်ပေါင်း ၉၀ အတွင်း စုဆောင်းရမည်ဟု ဥပဒေတွင် ပြဋ္ဌာန်းထားပြီးဖြစ်ပါကြောင်း၊ ထို့အတူ မှတ်ပုံတင်ခွင့်ရသည့်နေ့မှစ၍ ရက်ပေါင်း ၁၈၀ အတွင်း ဥပဒေအရ အနည်းဆုံးသတ်မှတ်ထားသည့် ရုံးခန်းအရေအတွက်ကို ဖွင့်လှစ်ရမည်ဖြစ်ပါကြောင်း၊ သတ်မှတ်ကာလအတွင်း အနည်းဆုံးစည်းရုံးရမည့် ပါတီဝင်ဦးရေ မပြည့်မီခြင်း၊ သတ်မှတ်ကာလအတွင်း ရုံးခန်းဖွင့်လှစ်နိုင်ခြင်းမရှိပါက နိုင်ငံရေးပါတီအဖြစ် ဆက်လက်ရပ်တည်ခွင့်ရှိမည်မဟုတ်ပါကြောင်း၊ ယခုကဲ့သို့ နိုင်ငံရေးပါတီများထူထောင်မှုကို စနစ်တကျ ဖြစ်စေရန် ကော်မရှင်မှ စိစစ်ရခြင်းမှာ နိုင်ငံရေးပါတီများသည် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်အရွေးခံ၍ နိုင်ငံ၏အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေးလုပ်ငန်းများတွင် ပါဝင်ထမ်းဆောင်မည့်သူများဖြစ်လာမည်ဖြစ်၍ ဥပဒေနှင့်ညီညွတ်သည့် ခိုင်မာအားကောင်းသော ပါတီထူထောင်မှုရရှိစေရန် ဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရေး လုပ်ငန်းစဉ် (၅) ရပ်၏ အမှတ်စဉ် (၅) ပါ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရန်အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊ လာမည့်ရွေးကောက်ပွဲများတွင် မဲဆန္ဒရှင်စာရင်းများ မှန်မှန်ကန်ကန် ဖြစ်စေရေး၊ မဲမသမာမှုများ မဖြစ်စေရေးအတွက် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်ရှိ ကွန်ပျူတာတက္ကသိုလ်များမှ ပညာရှင်များ၏ နည်းပညာနှင့်ကျွမ်းကျင်မှု အကူအညီ ရယူပြီး CVLMS (Central Voter List Management System) ဆော့ဝဲလ်အပါအဝင် အဆင့်မြင့်အိုင်တီနည်းပညာများ အသုံးပြုဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ကို မြန်မာနိုင်ငံမှ ပညာရှင်များ၏အကူအညီဖြင့် တီထွင်ပြုလုပ်ခဲ့ပြီး ယခုအခါ ဝန်ကြီးဌာနများမှ ဝန်ထမ်းများ၊ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်များမှပြည်သူများကို လက်တွေ့စမ်းသပ်မဲပေးနိုင်ရန် ဆောင်ရွက်နေမှုများကို ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် မန္တလေးတိုင်းဒေသကြီး တာဝန်ခံ ဦးသန်းအောင်ကျော်က မန္တလေးတိုင်းဒေသကြီးအတွင်း ပါတီဝင်အင်အားစာရင်း တင်ပြထားသည့် နိုင်ငံရေးပါတီ ၆ ပါတီ၏ ပါတီဝင်အင်အားစာရင်းများအား ဥပဒေနှင့်အညီ စိစစ်ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့မှ တာဝန်ရှိသူများက ပါတီဝင်အင်အားစာရင်းများ မှန်ကန်စေရေးအတွက် ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တက်ရောက်လာကြသည့် နိုင်ငံရေးပါတီများမှ တိုင်းဒေသကြီးပါတီကော်မတီ ဥက္ကဋ္ဌများက အင်အားစာရင်းများ ဥပဒေနှင့်အညီ မှန်ကန်စေရေးအတွက် စစ်ဆေးဆောင်ရွက်ရာတွင် ပူးပေါင်းဆောင်ရွက်နေမှုအခြေအနေများနှင့် တွေ့ကြုံရသည့် အခက်အခဲများအားတင်ပြကြရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက တင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲတို့မှ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အရာရှိများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ အမျိုးသားနိုင်ငံရေးဒီမိုကရက်တစ်ပါတီ၊ ပြည်သူ့ရှေ့ဆောင်ပါတီ၊ ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီနှင့် ဒီမိုကရက်တစ်အင်အားစု လေဘာပါတီတို့မှ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်ပါတီကော်မတီဥက္ကဋ္ဌများ၊ အလုပ်အမှုဆောင်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ချောင်းသာမြို့၌ သီတင်းကျွတ်ပွဲတော်အကြို ခရီးသွားလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး (MSME) လုပ်ငန်းများ၊ ကြိမ်၊ ဝါး၊ ဖေဒါ လက်မှုထုတ်ကုန်ပစ္စည်းပြပွဲနှင့် ဈေးရောင်းပွဲတော် ဖွင့်ပွဲပြုလုပ်



**နေပြည်တော် အောက်တိုဘာ ၂၁**

သီတင်းကျွတ်ပွဲတော်အကြို ခရီးသွားလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး(MSME) လုပ်ငန်းများ၊ ကြိမ်၊ ဝါး၊ ဖေဒါ လက်မှုထုတ်ကုန်ပစ္စည်းပြပွဲနှင့် ဈေးရောင်းပွဲတော်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ချောင်းသာမြို့၌ ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ဝေလင်းနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက သီတင်းကျွတ်ပွဲတော်အကြို ခရီးသွားလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး (MSME) လုပ်ငန်းများ၊ ကြိမ်၊ ဝါး၊ ဖေဒါ လက်မှုထုတ်ကုန်ပစ္စည်းပြပွဲနှင့် ဈေးရောင်းပွဲတော်ဆိုင်းဘုတ်အား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားသည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ခင်းကျင်းပြသထားသည့် ထုတ်ကုန်ပြခန်းများအား လှည့်လည်ကြည့်ရှု၍ (အပေါ်ပုံ)လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကျွန်းစုမြို့နယ်၊ မှော်ဘီမြို့နယ်၊ မုံရွာမြို့နယ်၊ ကလေးမြို့နယ်နှင့် အောင်မြေသာစံမြို့နယ်တို့၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၂၁**

တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ မြို့နယ်များမှ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဒေသခံပြည်သူများအား သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ နယ်မြေခံဆေးကုသရေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် ဝဲကျွန်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၁၁၅ ဦးတို့ကိုလည်းကောင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် လက်ပံတန်းစုကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော်သုံးပါးနှင့် ဒေသခံပြည်သူ ၁၉၃ ဦးတို့ကိုလည်းကောင်း၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့များက စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ မန္တလာကျေးရွာ၊ ကလေးမြို့နယ်ရှိ နွှာညောင်ပင်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၃၆၇ ဦးတို့ကိုလည်းကောင်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ညောင်ကွဲရပ်ကွက်နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော် ၁၃၄ ပါးနှင့် ဒေသခံပြည်သူ ၁၂၁ ဦးတို့ကိုလည်းကောင်း သတ်မှတ်နေရာအသီးသီး၌ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။



ထိုသို့ဆောင်ရွက်ပေးရာတွင် အရိုးအကြောရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ ကလေးရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ ခွဲစိတ်ကုသမှု ဆိုင်ရာရောဂါ၊ အစာအိမ်နှင့်အူလမ်းကြောင်းဆိုင်ရာရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ECG၊ Ultrasound စက်တို့ဖြင့် ရောဂါရှာဖွေစမ်းသပ်ခြင်း၊ ဆီးချို၊ သွေးချို စစ်ဆေးခြင်း၊ သွေးအုပ်စုများစစ်ဆေးခြင်းနှင့် ကျန်းမာရေးအသိပညာပေးဟောပြောခြင်းတို့ကို ဆောင်ရွက်ပေးကာ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူများကို နယ်မြေခံတပ်မတော်ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံတပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ဇမ္ဗူသီရိမြို့နယ်နှင့် လယ်ဝေးမြို့နယ်များတွင် သန့်ရှင်းသာယာရေး ကြည့်ရှုစစ်ဆေး



**နေပြည်တော် အောက်တိုဘာ ၂၁**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်(ခုတင်-၁၀၀၀) ပြည်သူ့ဆေးရုံကြီး အတွင်း၊ အပြင်တွင် အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာနမှ ဝန်ထမ်းများ၊ ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ကျန်းမာရေးဝန်ထမ်းများ၊ သူနာပြုများ၊ ကြက်ခြေနီ တပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များက ပတ်ဝန်းကျင်သန့်ရှင်းသာယာရေး၊ သစ်ပင်များ၊ ချုံနွယ်များ၊ ပေါင်းမြက်များ ရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရေးတို့ အတွက် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးပြီး ဆေးရုံအတွင်း ရေစီးရေလာ ကောင်းမွန်စေရေး၊ ရာသီအလိုက်ပွင့်သည့် ပန်းပင်များစိုက်ပျိုးရေး၊ အမြဲသန့်ရှင်းသာယာရေးနှင့် လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားပြီး နေပြည်တော်(ခုတင်-၁၀၀၀) ပြည်သူ့ဆေးရုံကြီး အဝင် လမ်းဘေးဝဲယာတွင် ပတ်ဝန်းကျင် သန့်ရှင်းသာယာရေး၊ ချုံနွယ်များ၊ ပေါင်းမြက်များ၊ သစ်ပင်များ အလင်းဖွင့်ခြင်း ၊ ရေနုတ်မြောင်းများ ရေစီးရေလာ ကောင်းမွန်စေရေးတို့အတွက် သန့်ရှင်းရေးဆောင်ရွက်နေမှုများ၊ ပန်းအလှပင်များနှင့် အရိပ်ရလေကာပင်များ စိုက်ပျိုးထားရှိမှုများကို ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။(ယာပုံ)

ထိုမှတစ်ဆင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် တဲကြီးကုန်းကျေးရွာအုပ်စု စိုက်ပျိုးရေး ရှင်းလင်းဆောင်တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မိုးစပါးစိုက်ပျိုး တောင်သူများနှင့် တွေ့ဆုံ၍ စုပေါင်းမြေသြဇာကြဲပက်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး အမှာစကားပြောကြားသည်။

ထို့နောက် ဇမ္ဗူသီရိမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဘငွေးက ၂၀၂၃-၂၀၂၄ ခုနှစ် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသည့် တောင်သူများက သိလိုသည်များကို မေးမြန်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက ဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ ဖြည့်စွက်ဆွေးနွေးပြီး လိုအပ်ချက်များကို သက်ဆိုင်သည့်ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် တောင်သူများနှင့်အတူ တဲကြီးကုန်းကျေးရွာအနီး နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် မိုးစပါးစိုက်ခင်းများတွင် သဘာဝမြေသြဇာနှင့် ဓာတ်မြေသြဇာ အချိုးကျရောစပ်၍ စုပေါင်းကြဲပက်နေမှု၊ ကောက်ရိုး၊ ဖေဒါ၊ ရိုးပြတ်၊ နွားချေးများကို သဘာဝမြေသြဇာအဖြစ် ထုတ်လုပ်သုံးစွဲနေမှုနှင့် တီကောင်မွေးမြူရေးကန်တို့ကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **ထွန်းထွန်းဝင်း(မြန်/ဆက်)**



# နေပြည်တော် (တပ်ကုန်း) ရှိ မြန်မာ့ရုပ်မြင်သံကြား၌ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၁

**ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ၉ နာရီက နေပြည်တော် (တပ်ကုန်း)ရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား Auditorium ခန်းမတွင် ကျင်းပသည်။**

အဆိုပါ ဟောပြောပွဲတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (နေပြည်တော်)မှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်သီဂီတိုး၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန(နေပြည်တော်)မှ ဦးစီးအရာရှိဦးကျော်သီဟနှင့် ယာဉ်စစ်ဆေးရေးမှူး ဦးနိုင်ငွေးလင်းတို့က ၂၀၂၀ ပြည့်နှစ် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေပါ တားမြစ်ချက်များနှင့် ပြစ်ဒဏ်များ၊ ၂၀၂၂ ခုနှစ် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှု နည်းဥပဒေများပါ ယာဉ်သွားလာမှုစည်းကမ်းများ၊ တည်ဆဲဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များ၊ လမ်းညွှန်များ၊ လမ်းအမှတ်အသားများ၊ အချက်ပြများ၊ ယာဉ်တိုက်ခိုက်မှုဖြစ်ရသည့် အကြောင်းရင်းများ၊ မော်တော်ဆိုင်ကယ်စီးနင်းသူများ လိုက်နာရမည့် စည်းကမ်းများ၊ အချက်ပြမီးကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် မှန်မှန်ကန်ကန် အသုံးပြုနိုင်စေရေးအတွက် စနစ်တကျ ဟောပြောခြင်းနှင့် ယာဉ်မောင်းသူများ လိုက်နာရမည့် အမူအကျင့်များကို ရှင်းလင်းပြောကြားပြီးနောက် အမေးအဖြေများ ဆောင်ရွက်ကြသည်။

ယင်းနောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရုံးရှေ့တွင် ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင် စုစုပေါင်း ၁၅၀ အား မော်တော်ဆိုင်ကယ်စီးနင်းမှု ကျွမ်းကျင်မှု စစ်ဆေးခြင်းများ ဆောင်ရွက်ပြီး မော်တော်ယာဉ်မောင်း လိုင်စင် (က) လိုင်စင်များ ဆောင်ရွက်ပေးသည်။

ထိုကဲ့သို့ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြောပွဲ ပြုလုပ်ပေးခြင်းဖြင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများတွင် ယာဉ်စည်းကမ်းနှင့်လမ်းစည်းကမ်းများကို ရှင်းလင်းစွာ သိရှိနားလည်ပြီး အများပြည်သူဆိုင်ရာ လမ်းမပေါ်တွင် ယာဉ်များ စနစ်တကျ မောင်းနှင်နိုင်မည့် အကျိုးကျေးဇူးများ ရရှိကြမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် အောက်တိုဘာ ၂၁**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့်ရှိနိုင်သည်။

**မိုး/ဇလ**

# ရန်ကုန်မြို့ သီတင်းကျွတ်မီးထွန်းပွဲတော်အကြို ရောင်စုံလျှပ်စစ်မီးများ ထွန်းညှိထား

ရန်ကုန် အောက်တိုဘာ ၂၁

**ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ရန်ကုန်မြို့ သီတင်းကျွတ်မီးထွန်းပွဲတော်အကြို ရောင်စုံလျှပ်စစ်မီး ထွန်းထားခြင်းများကို အောက်တိုဘာ ၂၀ ရက် ညပိုင်းက လိုက်လံကြည့်ရှုစစ်ဆေးသည်။**

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ရန်ကုန်-ပြည်လမ်း ဟံသာဝတီအဝိုင်းတွင် မြန်မာတို့၏ အနုပညာလက်ရာတစ်ခုဖြစ်သည့် ဆွမ်းအုပ်ကြီးအပါအဝင် အောက်ခံမြက်ခင်းစိမ်းများပေါ်တွင် လျှပ်စစ်မီးအလှဆင် ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးရာ စည်ပင်သာယာရေးဝန်ကြီး (မြို့တော်ဝန်) ဦးဗိုလ်ငွေးနှင့် တာဝန်ရှိသူများက မီးထွန်းခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ရွှေတိဂုံဘုရားလမ်း ဦးဝိစာရကျောက်တိုင်နှင့် ဦးဝိစာရအဝိုင်း မြက်ခင်းများပေါ်တွင်လည်းကောင်း၊ ကမ္ဘာအေးဘုရားလမ်း ဦးထောင်ဘိုအဝိုင်းတို့တွင်လည်းကောင်း သီတင်းကျွတ် မီးထွန်းပွဲတော်အကြို ရောင်စုံလျှပ်စစ်မီးထွန်းထားခြင်းများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား ပွဲတော်ရက်အတွင်း ပြည်သူများ လာရောက်ကြည့်ရှုမည်ဖြစ်၍ အရောင်မျိုးစုံစုံလင်စွာ ပါရှိအောင်ဆောင်ရွက်ကြရန်နှင့် လိုအပ်သည်များ မှာကြားသည်။

ရန်ကုန်မြို့တော် သီတင်းကျွတ်မီးထွန်းပွဲ ကာလတွင် ပြည်သူ့ရင်ပြင်၌ ဈေးရောင်းပွဲတော်၊ စင်တင်တေးဂီတဖျော်ဖြေပွဲများနှင့် (Electric tree)လျှပ်စစ်သစ်ပင်များဖြင့် ရောင်စုံမီးအလှထွန်းခြင်းများ၊ မီးရှူးမီးပန်းများ ပစ်ဖောက်ခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ရန်ကုန်မြို့တော်သူ မြို့တော်သားများအနေဖြင့် သတင်းကျွတ်ဈေးရောင်းပွဲတော်နှင့် မီးထွန်းပွဲတော်တွင် ပါဝင်ဆင်နွှဲနိုင်ကြောင်း သိရသည်။

**ဆန်းကျော်ဦး(မြန်/ဆက်)**





❂ *ကျောဖုံးမှ*

GFA အသင်းသည် ရှမ်းယူနိုက်တက် တိုက်စစ်ကို ၂၅ မိနစ်အထိ ထိန်းထားနိုင်ခဲ့ပြီး ၂၈ မိနစ်တွင် ဦးဆောင်ဂိုး ပေးလိုက်ရပြီး နောက်ပိုင်းဂိုးများ ဆက်တိုက်ခွင့်ပြုပေးခဲ့ရခြင်းဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းသည် နန္ဒကျော်၊ မျိုးမင်းလတ်၊ ရဲရင့်အောင်၊ ရဲမင်းသူအပါအဝင် နိုင်ငံခြားသားကစားသမား သုံးဦးတို့ ပါဝင်ကစားခဲ့ပြီး GFA အသင်းကလည်း ဇော်လင်း၊ သန်းတိုးအောင်၊ ဘိုဘိုနိုင်တို့ဖြင့် ပွဲထွက်ခဲ့သည်။ ရှမ်းယူနိုက်တက် အသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး ပထမပိုင်းတွင် လေးဂိုး၊ ဒုတိယပိုင်းတွင် နှစ်ဂိုးသွင်းယူကာ ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးများကို ၂၈ မိနစ်တွင် မိုတိုဟီရို၊ ၃၀၊ ၄၅ မိနစ်တွင် ဈာနေရသူ၊ ၄၃၊ ၄၇၊ ၄၈ မိနစ်တွင် ဘယ်လိုတို့က သွင်းယူခဲ့ပြီး GFA အသင်းအတွက် ချေပဂိုးတစ်ဂိုးကို ၆၁ မိနစ်တွင် မျိုးမင်းအောင်က သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးကစားသမားဆုကို ဟက်ထရစ်သွင်းယူခဲ့သည့် ရှမ်းယူနိုက်တက်တိုက်စစ်မှူး ဘယ်လိုတို့က ရရှိခဲ့သည်။ ယခုပွဲအပြီးတွင် ရှမ်းယူနိုက်တက်အသင်းက ၄၄ မှတ်ဖြင့် ဆက်လက်ဦးဆောင်နေပြီး GFA အသင်းက ရှစ်မှတ်ဖြင့် ဇယားအောက်ဆုံးတွင် ဆက်လက်ရပ်တည်နေသည်။


ပွဲစဉ် (၁၇) တတိယနေ့အဖြစ် အောက်တိုဘာ ၂၂ ရက် (ယနေ့) တွင် သုဝဏ္ဏကွင်း၌ ကချင်ယူနိုက်တက်အသင်းနှင့် အား/ကာသိပ္ပံအသင်း၊ YUSC ကွင်း၌ ရန်ကုန်အသင်းနှင့် ဒဂုံစတားအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်လွင်**

**ဓာတ်ပုံ-MNL**

# အေးချမ်းပျော်ရွှင်စရာ ဘဝများဖြင့် . . .

▬ ▬ ▬ သိန်းထွန်း (IR) ▬ ▬ ▬



- ❖ နည်းပညာတွေကြောင့် လူသားတွေမှာ ကိုယ်ချင်းစာစိတ်တွေ ကျဆင်းလာတယ်လို့ သတ္တုချ မပြောနိုင်ပေမယ့် တစ်စိတ်တစ်ပိုင်းအားဖြင့် ဆက်နွှယ်နေပါတယ်။ ဂိမ်းတွေ အလွန်အကျွံ အသုံးပြုနေတာ၊ လူမှုကွန်ရက်တွေမှာ အကျိုးမဲ့အချိန်ကုန်နေတာ စတဲ့လွဲမှားတဲ့အသုံးပြုတာတွေကြောင့် လူတစ်ယောက်ရဲ့ စိတ်ပိုင်းဆိုင်ရာ ဘေးထွက်ဆိုးကျိုးတွေ ဖြစ်စေပါတယ်။ ဘယ်အရာမဆို သုံးတတ်ရင် ဆေး၊ မသုံးတတ်ရင် ဘေးဆိုတာ သတိချပ်စရာပါ
- ❖ နည်းပညာတွေက ကမ္ဘာကြီးကို ရွာကြီးတစ်ရွာလို တစ်နေရာနဲ့ တစ်နေရာ၊ တစ်ဦးနဲ့တစ်ဦး နီးကပ်စေတာမှန်ပေမယ့် အဲဒီနီးကပ်လာမှုတွေဟာ ဖုန်းက တစ်ဆင့် ဒါမှမဟုတ် အင်တာနက်ကတစ်ဆင့် နီးကပ်မှုပဲ ဖြစ်ပါတယ်။ လူချင်းတွေ့ဆုံကြတာလို စစ်မှန်တဲ့ ရင်းနှီးမှု၊ နွေးထွေးမှု၊ ပွင့်လင်းမှု၊ စိတ်ခံစားမှု၊ ပျော်ရွှင်မှု၊ ဝမ်းနည်းမှုတို့မရှိပါဘူး

### စိတ်အရည်အသွေး

လူတစ်ယောက်ရဲ့ စိတ်ခံစားမှုအရည်အသွေးတွေထဲက အရေးပါတဲ့ အစိတ်အပိုင်းတစ်ခုကို ပြပါဆိုရင် ကိုယ်ချင်းစာမှုကို ပြချင်ပါတယ်။ လူတစ်ယောက်ရဲ့ ကိုယ်ချင်းစာစိတ်ကြောင့် ဖြစ်လာတဲ့ ကိုယ်နဲ့ယှဉ်တဲ့ စိတ်သဘောထား၊ စဉ်းစားတွေးခေါ်မှု၊ ရှုမြင်မှု၊ အပြောအဆို၊ အပြုအမူတွေနဲ့ တုံ့ပြန်မှုတွေဟာ အဲဒီလူရဲ့ အဆင့်အတန်း၊ ကိုယ်ရည်ကိုယ်သွေးနဲ့ စိတ်နေသဘောထားမြင့်မားမှုတွေကို ညွှန်ပြနေပါတယ်။ ကိုယ်ချင်းစာတရားကို ပညာ၊ ရာထူး၊ ငွေကြေးပိုင်ဆိုင်မှု၊ ဂုဏ်၊ ဒြပ်တွေနဲ့ တိုင်းတာလို့ မရပါဘူး။ အဲဒီကိုယ်ချင်းစာစိတ်ထားရှိနိုင်မှုဟာ လူသားဆန်မှုရဲ့လက္ခဏာတစ်ခုလို့ ဆိုနိုင်ပါတယ်။

ကိုယ်ချင်းစာစိတ်ထားနိုင်တဲ့သူ၊ စိတ်အရည်အသွေးမြင့်မားတဲ့သူတွေဟာ ကိုယ့်ကြောင့် သူတစ်ပါးထိခိုက်နစ်နာသွားမှာ မလိုလားဘူး၊ ကိုယ်ခံစားရသလို သူတစ်ပါးကို မထိခိုက် မခံစားစေလိုဘူး၊ သူတစ်ပါး ထိခိုက်ခံစားရတာကို စာနာနားလည်ပေးနိုင်ကြတယ်၊ အခြားသူရဲ့နေရာကို ဝင်ခံစားပေးတတ်ကြပါတယ်။ ကိုယ်ခံစားရသလို အခြားသူ မခံစားစေချင်တာ၊ ကိုယ်ဒုက္ခရောက်သလို သူတစ်ပါး ဒုက္ခမရောက်စေလိုတာ၊ အဲဒီလိုပဲ သူတစ်ပါး ဒုက္ခရောက်နေတာမြင်ရင်လည်း ကိုယ်တိုင်ခံစားရသလို တုံ့ပြန်တတ်ကြတာက ကိုယ်ချင်းစာတရားပါပဲ။ ကိုယ်နဲ့ယှဉ်သော စိတ်ထားဖြစ်လို့ မွန်မြတ်လှပါတယ်။ ဒါကြောင့် ကိုယ်ချင်းစာမှုက ကမ္ဘာကြီးကို ပိုမို ကောင်းမွန်စေတယ်လို့ အမေရိကန်စာရေးဆရာ Daniel H. Pink ပြောခဲ့တာ ဖြစ်ပါလိမ့်မယ်။

ဒါ့အပြင် လူတစ်ဦးချင်းစီရဲ့ အရည်အသွေးနဲ့ လူ့အဖွဲ့အစည်းတစ်ခုရဲ့ အရည်အသွေးကို မြှင့်တင်ဖို့အတွက် ကိုယ်ချင်းစာစိတ်ဟာ အဓိကလိုအပ်ချက်တစ်ရပ်ဖြစ်ပါတယ်။ ကိုယ်ချင်းစာစိတ်နဲ့ ကိုယ့်ရဲ့ကိုယ်ပိုင်ဘဝ၊ လုပ်ငန်းခွင်နဲ့ လူမှုပတ်ဝန်းကျင်အားလုံးမှာ ကောင်းမွန်တဲ့ဆက်ဆံရေးကို တိုးတက်ခိုင်မာစေနိုင်ပါတယ်။ ကိုယ်ချင်းစာစိတ်နဲ့ တစ်ဦးနဲ့တစ်ဦး ရိုင်းပင်းကူညီမှု၊ ဖေးမမှု၊ စာနာနားလည်မှုတွေရှိကြမယ်ဆိုရင် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဆိုတဲ့ ဗြဟ္မစိုရ်တရားထွန်းကားတဲ့ လူ့အသိုက်အဝန်းဖြစ်လာမှာပါ။

### နှလုံးသားဖွင့်တဲ့သော့

ကိုယ်ချင်းစာစိတ်ဆိုတာကို ကိုယ့်ပတ်ဝန်းကျင်မှာ တွေ့ကြုံဖူးကြမှာပါ။ ကိုယ်ချင်းစာစိတ်ရှိတဲ့သူတွေက အခြားသူတွေခံစားနေရတာတွေကို နားလည်ပေးကြတယ်၊ အခြားသူတွေရဲ့ရှုထောင့်ကနေ စဉ်းစားပေးကြတယ်၊ အခြားသူတွေနေရာကနေ ကိုယ့်ကိုယ်ကိုယ်ထားပြီး ခံစားပေးကြတယ်။ အခြားသူနေရာမှာ ကိုယ့်ကိုယ်ကိုယ်ထားပြီး သူတို့တွေ့ကြုံခံစားနေရတာကို မျှဝေခံစားနားလည်ပေးကြတာကို မြင်ရ၊ ကြားရသူတွေအတွက် စိတ်ချမ်းမြေ့စရာဖြစ်ပါတယ်။ အဲဒီကိုယ်ချင်းစာစိတ်နဲ့ ဆန့်ကျင်ဘက်ကတော့ လူလူချင်း ခေါင်းပုံဖြတ်ခြင်း၊ ငါ့ဘို့တစ်ခုတည်းကြည့်ခြင်းဆိုတဲ့ မတော်လောဘနဲ့အတ္တတွေ ဖြစ်ပါတယ်။ လူဆိုတာကတော့ အတ္တရှိသူတွေချည်းပါပဲ။ အနည်းနဲ့အများတော့ မတူပါဘူး။ လူတိုင်းက ကိုယ့်အတ္တ၊ ကိုယ့်လိုဘအတွက် အလုပ်လုပ်ကြ၊ စီးပွားရှာကြ၊ တိုးတက်အောင်မြင်ဖို့ ကြိုးစားကြတာ ဓမ္မတာပါ။

ဒါပေမယ့် ကိုယ့်အတ္တတစ်ခုတည်းကိုပဲ လွန်လွန်ကဲကဲ ထိပ်တန်းတင်ထားပြီး ဘယ်သူတွေဘာဖြစ်ဖြစ် ငါလုပ်ချင်တာလုပ်မယ်၊ ငါလိုချင်တာရအောင်ယူမယ်၊ ငါလိုချင်တာရရင် ပြီးရောဆိုတဲ့ အတ္တတရားတွေ လွှမ်းမိုးလာတဲ့အခါ မေတ္တာကင်းမဲ့တဲ့ လူ့ပတ်ဝန်းကျင်၊ ကိုယ်ချင်းစာတရားကင်းမဲ့တဲ့ လူ့ပတ်ဝန်းကျင် ဖြစ်လာပါတယ်။ အတ္တနဲ့လောဘ လွန်ကဲလာတဲ့အတွက် သူတစ်ပါးကို မျှဝေခံစား မပေးနိုင်တော့ပါဘူး။ သူတစ်ပါးအပေါ် ကိုယ်ချင်းမစာကြတော့ပါဘူး။ ဗုဒ္ဓတရားတော်မှာ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိဆိုပြီး မဂ္ဂင် (၈)ပါး ရှိပါတယ်။ ဒါဟာ သူ့အကျိုး၊ ကိုယ့်အကျိုး နှစ်ဖက်မျှတအောင် ကြည့်တတ်၊ မြင်တတ်၊ စဉ်းစားတတ်၊ ခံစားတတ်စေဖို့ ဖြစ်ပါတယ်။ ကိုယ်ချင်းစာတရားကင်းမဲ့ပြီး အတ္တစိတ်တွေနဲ့ ပြုမူဆက်ဆံနေကြတာဟာ အခြားသူတွေကို နာကျင်ခံစားရစေပါတယ်။ အမေရိကန်နိုင်ငံသား အခွင့်အရေး တက်ကြွလှုပ်ရှားသူ Maya Angelou က **"ကျွန်တော် လေ့လာသိရှိထားတာက လူတွေဟာ သင်ပြောခဲ့တာတွေ၊ လုပ်ခဲ့တာတွေကို မေ့သွားလိမ့်မယ်၊ ဒါပေမယ့် သူတို့ခံစားရအောင် သင်ဘယ်လို လုပ်ခဲ့တယ်ဆိုတာကိုတော့ သူတို့ ဘယ်တော့မှမေ့မှာ မဟုတ်ဘူး"** လို့ပြောခဲ့တာဟာ ဆင်ခြင်စရာပါပဲ။

မျှတတဲ့ဝန်းကျင်၊ မျှတတဲ့ဆက်ဆံရေးဖြစ်ဖို့ဆိုရင် သူ့ဘက်၊ ကိုယ့်ဘက်ကြည့်တတ်တဲ့ နှစ်ဖက်မြင်သူဖြစ်မှ မျှတမှုရှိပါလိမ့်မယ်။ လူတိုင်းက ကိုယ့်အပေါ်ကို အလေးထားတာကို နှစ်သက်ကြပါတယ်။ ကိုယ့်အပေါ် အလေးထားဂရုစိုက်တာကို လူတွေမှ သဘောကျတာမဟုတ်ပါဘူး၊ တိရစ္ဆာန်တွေတောင်မှ သဘောကျကြပါတယ်။ ကိုယ့်ကိုယ်ကို အလေးထားတာကို နှစ်သက်ရင် အခြားသူတွေလည်း သူတို့အပေါ် စာနာအလေးထားတာကို နှစ်သက်ကြမှာပါပဲ။ အဲဒီလို စာနာနားလည်ပေးဖို့ဆိုရင် ကိုယ်ချင်းစာစိတ်ရှိမှ ဖြစ်ပါလိမ့်မယ်။ ဒါဟာ တစ်ဦးနဲ့ တစ်ဦး လူသားဆန်တဲ့စိတ်ထားနဲ့ အပြုအမူလို့ဆိုနိုင်သလို ယဉ်ကျေးတဲ့လူ့စရိုက်လက္ခဏာလို့လည်း ဆိုနိုင်ပါတယ်။ ဒီလို ယဉ်ကျေးတဲ့ လူ့စရိုက်လက္ခဏာတွေ အပြန်အလှန် အပေးအယူမျှတဖို့ လိုပါတယ်။

မြန်မာစကားမှာ တစ်ဦးကမေတ္တာ တစ်ဦးကစေတနာ ဆိုတာလိုပါပဲ။ ကိုယ်ချင်းစာစိတ်ဟာ အခြားသူတွေရဲ့ နှလုံးသားကိုဖွင့်တဲ့ သော့ဖြစ်တယ်လို့ Samuel Smiles က ပြောဖူးပါတယ်။ ယဉ်ကျေးတဲ့စရိုက်လက္ခဏာတွေအစား လူတိုင်းက ကိုယ့်ရဲ့လောဘနဲ့အတ္တတွေကိုပဲ ထိပ်တန်းတင်ထားကြရင် အခြားသူတွေရဲ့နှလုံးသားကို ဖွင့်ဖို့ထက် နာကျင်မှုတွေပဲ ဖြစ်လာမှာပါ။

### နည်းပညာခေတ်

၂၀၁၉ ခုနှစ် ကမ္ဘာ့ဘေးအန္တရာယ်ဆိုင်ရာ အစီရင်ခံစာမှာ နည်းပညာတွေက ကမ္ဘာကြီးကို ပိုပြီးစိတ်သောကရောက်စေတယ်၊ ထိတွေ့မှုတွေနည်းစေတယ်၊ ပျော်ရွှင်မှုတွေ နည်းစေတယ်၊ အထူးသဖြင့် ဒီကနေ့မျိုးဆက်တွေမှာ အထီးကျန်ဆန်တဲ့သူတွေ တိုးလာနေတာဟာ တကယ်ပဲ နည်းပညာကြောင့်လားလို့ မေးခွန်းထုတ်ပါတယ်။ ဒီမေးခွန်းဟာ မှန်တယ်၊ မှားတယ်ဆိုတာ ယတိပြတ်ဖြေဖို့ခက်ပါတယ်။

ဘာကြောင့်လဲဆိုတော့ ကိုယ်ချင်းစာတရားကင်းမဲ့အောင်၊ အထီးကျန်ဆန်အောင် နည်းပညာနဲ့နည်းပညာပစ္စည်းတွေကို ထုတ်လုပ်ထားတာ မဟုတ်လို့ပါပဲ။ သုံးစွဲသူတွေက နည်းပညာတွေကို ဘယ်လိုသုံးစွဲသလဲဆိုတဲ့ အခြေအနေအပေါ်မှာ မူတည်ပြီးဖြစ်လာတဲ့ အကျိုးဆက်တစ်ခုသာ ဖြစ်ပါတယ်။ လိုအပ်တာထက် အလွန်အကျွံ သုံးစွဲမယ်၊ မိမိကိုယ်ကို ထိခိုက်နိုင်လောက်တဲ့အထိ သုံးစွဲမယ်ဆိုရင် ဘေးထွက်ဆိုးကျိုးတွေကတော့ ရှိလာမှာ သေချာပါတယ်။

နည်းပညာနဲ့နည်းပညာပစ္စည်းတွေက ဒီကနေ့ခေတ်ရဲ့ အခြေခံလိုအပ်ချက်ဖြစ်တဲ့အတွက် နည်းပညာမရှိရင် နေထိုင်၊ လုပ်ကိုင်ဖို့တောင် ခက်ခဲနေပါပြီ။ နည်းပညာက လူသားတွေ ရှင်သန်ရပ်တည်ရေးကို နည်းလမ်းပေါင်းစုံနဲ့ လွယ်ကူစေရုံသာမက ဖွံ့ဖြိုးတိုးတက်ရေးရဲ့ အခြေခံလိုအပ်ချက်လည်း ဖြစ်ပါတယ်။ လူတွေကြောင့် နည်းပညာတွေတိုးတက်လာတယ်၊ အဲဒီနည်းပညာကြောင့်လည်း လူသားတွေ ပိုပြီးမြန်မြန်ဆန်ဆန် တိုးတက်စေပါတယ်။ နည်းပညာတိုးတက်တာနဲ့အတူ တစ်ဖက်မှာ နည်းပညာနဲ့ နည်းပညာပစ္စည်းတွေကို မရှိမဖြစ်အသုံးပြုရာကနေ အတိုင်းအဆမဲ့ အသုံးပြုလာကြပါတယ်။ လူသားက နည်းပညာကို ကြိုးကိုင်ရမယ့်အစား နည်းပညာက လူသားကို ကြိုးကိုင်ခြယ်လှယ်လာတဲ့အခါ လူသားက နည်းပညာရဲ့သားကောင် ဖြစ်သွားပါတယ်။ အဲဒါရဲ့ ဘေးထွက်ဆိုးကျိုးတွေမှာ သိသာမြင်သာတွေရှိသလို မသိမသာနဲ့ဖြစ်နေတဲ့ ဆိုးကျိုးတွေလည်း ရှိပါတယ်။ အဲဒီထဲမှာ ကျန်းမာရေး၊ လူမှုဆက်ဆံရေး၊ အထီးကျန်ဆန်မှုနဲ့ စိတ်ပိုင်းဆိုင်ရာထိခိုက်တာတွေ ပါပါတယ်။ ဒီဆိုးကျိုးတွေအတွက် နည်းပညာတွေကို ယိုးမယ်ဖွဲ့လို့မရသလို နည်းပညာတွေကို ပစ်ပယ်လို့လည်းမရပါဘူး။ ဘာကြောင့်လဲဆိုတော့ နည်းပညာတွေက လူသားတွေအတွက် ဆက်လက် လိုအပ်နေဦးမှာမို့လို့ပါပဲ။

### ကိုယ်ချင်းစာတရားလျော့ပါးလာနေ

အစစအရာရာ တိုးတက်ပါတယ်ဆိုတဲ့ ခေတ်ကြီးမှာ ကိုယ်ချင်းစာတရားတွေ လျော့ကျနေတယ်လို့ ဆိုပါတယ်။ ဒီကနေ့ခေတ်ကြီးကို ဒေါသခေတ်လို့ ကင်ပွန်းတပ်တာလည်း တွေ့ရပါတယ်။ နည်းပညာတွေတိုးတက်လာပြီးနောက် လုပ်ငန်းခွင်နဲ့ လူ့အဖွဲ့အစည်းအတွင်းမှာ ယခင်ကမရှိဖူးတဲ့ အခွင့်အလမ်းတွေ တိုးတက်လာပေမယ့် တစ်ဖက်မှာ အထီးကျန်ဆန်မှုနဲ့ အစွန်းရောက်မှု မြင့်တက်လာပြီး ကိုယ်ချင်းစာတရားမှာ လျော့ကျလာနေတယ်လို့ ၂၀၁၉ ခုနှစ် ကမ္ဘာ့ဘေးအန္တရာယ်ဆိုင်ရာ အစီရင်ခံစာက ဆိုပါတယ်။ ဒါကြောင့် ဒေါသတွေ လွှမ်းမိုးနေတဲ့ခေတ်မှာ လူသားချင်းစာနာမှု ကျဆင်းလာတဲ့အတွက် ကမ္ဘာလုံးဆိုင်ရာအန္တရာယ်တွေကို ဖန်တီးနေကြတယ်လို့ ဆိုပါတယ်။

တိုးတက်နေတဲ့ခေတ်မှာ လူသားတွေမှာ လိုအပ်ချက်တွေ အရင်ကထက် ပိုများလာတယ်။ လိုချင်တာတွေရဖို့ ကိုယ်ကျိုးစီးပွားတွေ ထိပ်တန်းတင်လာကြတယ်။ လောဘနဲ့အတ္တတွေ များလာကြတယ်။ ရုပ်ဝတ္ထုတိုးတက်မှုတွေနောက် လိုက်ရင်းနဲ့ လူတွေရဲ့ စိတ်ပိုင်းဆိုင်ရာ အရည်အသွေးတွေ တဖြည်းဖြည်း ထိခိုက်လာနေတယ်။ နည်းပညာတွေကြောင့် လူသားတွေမှာ ကိုယ်ချင်းစာစိတ်တွေ ကျဆင်းလာတယ်လို့ သတ္တုချ မပြောနိုင်ပေမယ့် တစ်စိတ်တစ်ပိုင်းအားဖြင့် ဆက်နွှယ်နေပါတယ်။ ဂိမ်းတွေ အလွန်အကျွံ အသုံးပြုနေတာ၊ လူမှုကွန်ရက်တွေမှာ အကျိုးမဲ့အချိန်ကုန်နေတာ စတဲ့ လွဲမှားတဲ့ အသုံးပြုတာတွေကြောင့် လူတစ်ယောက်ရဲ့ စိတ်ပိုင်းဆိုင်ရာ ဘေးထွက်ဆိုးကျိုးတွေ ဖြစ်စေပါတယ်။ ဘယ်အရာမဆို သုံးတတ်ရင် ဆေး၊ မသုံးတတ်ရင် ဘေးဆိုတာ သတိချပ်စရာပါ။

*စာမျက်နှာ ၁၁ သို့*

# ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ တတိယ(၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

အောက်တိုဘာလ ဒုတိယ(၁၀)ရက်ပတ်အတွင်း ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် ဖြစ်ပေါ်ခဲ့သော လေဖိအားနည်းရပ်ဝန်းသည် အောက်တိုဘာလ တတိယ (၁၀) ရက်ပတ်အတွင်း မုန်တိုင်းငယ်အဖြစ်သို့ ပိုမိုအားကောင်းလာနိုင်ပါသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပါသည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမှုမြဲထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ရွာသွန်းမှုမြဲအောက် လျော့နည်းနိုင်ကာ၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၅ ရက်မှ ၇ ရက်ခန့်နှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ၂ ရက်မှ ၄ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့နှင့် ကသာမြို့တို့တွင် သုံးပေမှ လေးပေခန့်နှင့် သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ငါးပေမှ ခုနစ်ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်ပါသည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် သုံးပေမှ ငါးပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်ပါသည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် သုံးပေခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် နှစ်ပေမှ ခြောက်ပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် လေးပေမှ ငါးပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် တစ်ပေခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် တစ်ပေမှ သုံးပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် သုံးပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် တစ်ပေခွဲခန့်၊ ဝေန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် တစ်ပေခွဲမှ နှစ်ပေခွဲခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် တစ်ပေခွဲခန့်၊ ကုလားတန် မြစ်ရေသည် ပလက်ဝမြို့နှင့် ကျောက်တော်မြို့တို့တွင် ပေဝက်မှ နှစ်ပေခန့်၊ လေးမြို့မြစ်ရေသည် မြောက်ဦးမြို့တွင် ပေဝက်ခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် နှစ်ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်ပါသည်။

**မိုး/ဇလ**

# ၂၀၂၃ ခုနှစ် အောက်တိုဘာလထုတ် သုတပဒေသာနှင့် လူငယ်ရေးရာစာစောင် ထွက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၁**

၁၉၇၃ ခုနှစ် ဇူလိုင်လမှ စတင်ထုတ်ဝေခဲ့ပြီး နှစ်ပေါင်း ၅၀ ကျော် စာချစ်သူများ လက်ခံအားပေးလာခဲ့သော သုတပဒေသာစာစောင်ကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာလမှစ၍ သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်ဟု အမည်ပြောင်းလဲကာ မျက်နှာဖုံးဒီဇိုင်း၊ အကြောင်းအရာနှင့် စာအုပ်အပြင်အဆင်တို့ အပြောင်းအလဲများ ပြုလုပ်ပြီး ဆယ်ကျော်သက် လူငယ်များကို ဦးတည်ပရိသတ်အဖြစ်ထားကာ လစဉ်ထုတ်ဝေလျက်ရှိပါသည်။ နိုင်ငံတကာထုတ် စာအုပ်စာစောင်များမှ ကောင်းနိုးရာရာ ခေတ်မီအကြောင်းအရပ်များနှင့် ယခုလအတွက် ဖော်ပြသည့် "အခြေခံလူ့အခွင့်အရေးများနှင့် ငြိမ်းချမ်းသာယာသည့် လူ့ဘောင်" မျက်နှာဖုံး ဆောင်းပါးကြီးများပါဝင်သော သုတပဒေသာနှင့် လူငယ်ရေးရာစာစောင် (အောက်တိုဘာလ) ကို ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ဖြန့်ချိထားပြီဖြစ်သည်။

၂၀၂၃ ခုနှစ် အောက်တိုဘာလထုတ် သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်တွင် ဒေါက်တာ ခင်မောင်ညို၊ K. M. A တို့၏ "အခြေခံလူ့အခွင့်အရေးများနှင့် ငြိမ်းချမ်းသာယာသည့် လူ့ဘောင်" မျက်နှာဖုံးဆောင်းပါးများ၊ နေညိုယဉ်၊ ကောင်းသန့်၊ မောင်ဒီပ (ပညာရေး)၊ ညီညီဖေ၊ ရန်ကုန်ဌေးဇော်၊ ဆန်းသစ်အောင်(မဟာဝိဇ္ဇာ-အင်္ဂလိပ်ဘာသာစကား)၊ ညီမော်သိမ်း၊ ကျော်နန္ဒအောင် (MPA)၊ မောင်ပေါ်ထွန်းတို့၏ လူငယ်ရေးရာ ဆောင်းပါးများ၊ ပါမောက္ခကိုကိုအောင်၊ အေးထွန်းမင်းတို့၏ နိုင်ငံတကာဆိုင်ရာ ဆောင်းပါးများ၊ သောင်းထိုက်ဦး (သဃ်န်းကျွန်းကြီး)၊ ရဲထက်ဇော်၊ ကိုကျော်စွာ (ကျိုက်ပိ)တို့၏ သဘာဝပတ်ဝန်းကျင် ရှုထောင့်ဆိုင်ရာဆောင်းပါးများ၊ မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်)၊ ခင်မောင်အေး၊ စောနိုင် (အသုံးချဘောဂ ဗေဒ) တို့၏ စီးပွားရေးဆိုင်ရာ ဆောင်းပါးများ၊ ဒေါက်တာကောင်းစံ၏ အကြမ်းဖက်မှုဆိုင်ရာဆောင်းပါး၊ ဒေါက်တာ မြင့်သန်းထွန်း (ပြည်သူ့ကျန်းမာရေး) ၏ မူးယစ်ဆေးဝါးဆိုင်ရာ ဆောင်းပါး၊ ကိုကိုအောင် (အလုပ်သမား)၊ ဒေါက်တာမြင့်သန်းတို့၏ ကျန်းမာရေးဆိုင်ရာ ဆောင်းပါးများ၊ ဦးဘသန်း (မဟာဝိဇ္ဇာ)၊ စိုးစိုး (ပန်းတောင်း)၊ ဆောင်းဝင်းလတ်၊ ထက်ဝေအောင် (စစ်ကိုင်း)၊ မြသိန်း၊ မော်(သန်လျင်) တို့၏ ကဗျာ၊ ဟာသ၊ ဝတ္ထုတို၊ ဖြစ်ရပ်မှန်နှင့် အထွေထွေကဏ္ဍများကို ရောင်စုံ၊ ဖြူ/မည်း သရုပ်ဖော်ပုံ ဝေဝေဆာဆာဖြင့် စီစဉ် တင်ဆက်ထားသည်။

သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်ကို တစ်အုပ်လျှင် ကျပ် ၂၅၀၀ နှုန်းဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင် အမှတ် (တ-၅၅) သပြေကုန်းဈေး နေပြည်တော်၊ ဖုန်း ၀၆၇- ၃၄၁၄၆၈၁၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင်၊ အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ စာပေဗိမာန်စာအုပ်အရောင်းဆိုင်၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေး ဖုန်း- ၀၂- ၄၀၃၀၁၈၆ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများ၊ မန္တလေးမြို့ရှိ ထွန်းဦးစာပေ၊ နဂါးစာပေနှင့် မြို့အသီးသီးရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံ ဝယ်ယူရရှိနိုင်ပြီး လက်ကားမှာယူလိုပါက စာပေဗိမာန် စာအုပ်အရောင်းဆိုင် အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၈၂၄၉၀၃၁၊ ၀၁- ၈၃၈၁၄၄၈ တို့သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

*စာမျက်နှာ ၁၀ မှ*

နည်းပညာတွေက ကမ္ဘာကြီးကို ရွာကြီးတစ်ရွာလို တစ်နေရာနဲ့ တစ်နေရာ၊ တစ်ဦးနဲ့တစ်ဦး နီးကပ်စေတာမှန်ပေမယ့် အဲဒီနီးကပ်လာမှုတွေဟာ ဖုန်းကတစ်ဆင့် ဒါမှမဟုတ် အင်တာနက်ကတစ်ဆင့် နီးကပ်မှုပဲ ဖြစ်ပါတယ်။ လူချင်းတွေ့ဆုံကြတာလို စစ်မှန်တဲ့ ရင်းနှီးမှု၊ နွေးထွေးမှု၊ ပွင့်လင်းမှု၊ စိတ်ခံစားမှု၊ ပျော်ရွှင်မှု၊ ဝမ်းနည်းမှုတို့မရှိပါဘူး။ အလုပ်သဘောဆန်တာ၊ ဝတ်ကျေတန်းကျေသဘော ဆန်တာအပြင် ဟန်ဆောင်ဖုံးကွယ်တာတွေကိုလည်း တွေ့ရပါတယ်။ တစ်ဦးချင်းအနေနဲ့လည်း နည်းပညာပစ္စည်းတွေနဲ့ပဲ တစ်နေကုန် တစ်နေခန်း ဖြတ်သန်းကြတဲ့အခါ အထီးကျန်ဆန်မှု ပိုများလာပါတယ်။ တစ်ပြိုင်နက်တည်းမှာပဲ လူချင်းတွေ့ဆုံမှုနည်းပါးပြီး လူမှုကျင့်ဝတ်နဲ့ စိတ်ခံစားမှု အရည်အသွေးတွေ ကျဆင်းလာပါတယ်။

### EQ နှင့် ကိုယ်ချင်းစာစိတ်

ဒီကနေ့ လူသားတွေရဲ့ အရည်အသွေး တိုင်းတာရာမှာ EQ ဟာ အရေးပါတဲ့ စိတ်ပိုင်းဆိုင်ရာ အရည်အသွေးတစ်ခုဖြစ်ပါတယ်။ EQ ဟာ လူတစ်ဦးရဲ့ စိတ်ခံစားချက်တွေကို အပြုသဘော နည်းလမ်းတွေနဲ့ အသိအမှတ်ပြုမှု၊ နားလည်မှု၊ အသုံးချနိုင်မှုနဲ့ စီမံခန့်ခွဲနိုင်တဲ့ စွမ်းရည်ဖြစ်ပါတယ်။ EQ မှာပါဝင်တဲ့ အဓိကအစိတ်အပိုင်းတွေထဲမှာ ကိုယ်ချင်းစာမှု၊ လူမှုရေးဆိုင်ရာ ကျွမ်းကျင်မှု၊ မိမိ ကိုယ်မိမိ သိရှိနားလည်မှု၊ မိမိကိုယ်မိမိ ထိန်းသိမ်းနိုင်မှုနဲ့ စိတ်ခွန်အားမြင့်တင်မှုတို့ ပါဝင်ပါတယ်။ ဒါကြောင့် EQ မြင့်တဲ့သူတွေဟာ ကိုယ်ချင်းစာစိတ်ရှိတဲ့သူတွေ ဖြစ်ကြပါတယ်။ သူတို့ဟာ အခြားသူတွေရဲ့ ခံစားချက်တွေကို နားလည်နိုင်ပြီး မျှဝေခံစားနိုင်ကြပါတယ်။ ဒါ့အပြင် ကိုယ်ချင်းစာစိတ်ဟာ လူမှုရေးကျွမ်းကျင်မှုရဲ့အစိတ်အပိုင်းတစ်ခုဖြစ်တဲ့အတွက် သူတို့မှာ ထိရောက်တဲ့ ဆက်ဆံရေးစွမ်းရည်၊ ရေရှည်ဆက်ဆံရေး ထိန်းသိမ်းမှုနဲ့ ပြဿနာဖြေရှင်းတဲ့ စွမ်းရည်တွေ ရှိကြပါတယ်။

Catalyst အဖွဲ့ကြီးရဲ့ လေ့လာမှုတစ်ခုအရဆိုရင် စာနာနားလည်မှုရှိတဲ့ ဦးဆောင်မှု (Empathic leadership) ကို ပြုစုပျိုးထောင်တဲ့ ကုမ္ပဏီတွေမှာ လုပ်ငန်းခွင် အခက်အခဲ အကျပ်အတည်းတွေကို တုံ့ပြန်ဖို့နဲ့ အဖွဲ့တွေကို စီမံခန့်ခွဲဖို့အတွက် ထိရောက်တဲ့ နည်းလမ်းတစ်ခုဖြစ်တာကို တွေ့ရတယ်လို့ ဆိုပါတယ်။ ဒါ့အပြင် ကိုယ်ချင်းစာစိတ်ဟာ လုပ်ငန်းခွင်အတွင်း ဆွဲဆောင်မှု၊ ကုန်ထုတ်စွမ်းအားနဲ့ ထိတွေ့ဆက်ဆံမှုတွေကို တိုးတက်စေပြီး လုပ်ငန်းခွင်အတွင်း အားလုံးပါဝင်တဲ့ ယဉ်ကျေးမှုတစ်ရပ်ဖန်တီးဖို့အတွက် အရေးပါတဲ့ အနာဂတ်ကျွမ်းကျင်မှုတစ်ခု ဖြစ်တယ်လို့လည်း ဆိုပါတယ်။

### ဟန်ချက်ညီတိုးတက်မှု

ဒစ်ဂျစ်တယ်ခေတ် လူမှုဆက်ဆံရေးပုံစံတွေက ယခင်ခေတ်ကပုံစံနဲ့ မတူကြတော့ပါဘူး။ အွန်လိုင်းပေါ်ကနေ နည်းလမ်းပေါင်းစုံနဲ့ ထိုင်ရာမထ အချိန်မရွေး ဆက်သွယ်လို့ရနေတာကြောင့် လူတွေက အဲဒီအပေါ်မှာ ပိုအားထားကြပါတယ်။ အားထားနိုင်လောက်တဲ့ မြန်ဆန်မှု၊ တိကျမှု၊ လွယ်ကူမှု၊ ကုန်ကျစရိတ် လျှော့ချနိုင်မှုစတဲ့ ကောင်းကျိုးတွေ အများကြီးရှိပါတယ်။ လောကကြီးကို ရုပ်တစ်ခုတည်းနဲ့ တည်ဆောက်ထားတာ မဟုတ်ပါဘူး။ စိတ်သဘောထားတွေ၊ အရည်အသွေးတွေ၊ ခံစားချက်တွေ၊ အယူအဆတွေလည်း ပါဝင်ပါတယ်။

ဒီတော့ တိုးတက်မှုဆိုရာမှာ ရုပ်ပိုင်း၊ စိတ်ပိုင်း ဟန်ချက်ညီတိုးတက်မှ လူသားတွေမျှော်မှန်းတဲ့ တိုးတက်ပြီး ငြိမ်းချမ်းတဲ့ကမ္ဘာကြီး တည်ဆောက်နိုင်မှာပါ။ နည်းပညာနဲ့ရုပ်ဝတ္ထုပစ္စည်းတွေ တိုးတက်လာပေမယ့် တစ်ဖက်မှာ စိတ်ရဲ့အရည်အသွေးတွေ မြင့်တက်မလာဘူးဆိုရင် ဟန်ချက်မညီဘဲ လောကရဲ့ အေးချမ်းမှု၊ ငြိမ်းချမ်းမှုနဲ့ မေတ္တာတရားတွေ အားနည်းနေပါလိမ့်မယ်။ ဒီကနေ့ လူသားတွေမှာ ရုပ်ပိုင်းဆိုင်ရာတွေ တိုးတက်လာပေမယ့် တစ်ဖက်မှာ ပဋိပက္ခတွေ၊ တင်းမာမှုတွေ ပိုပြီးဖြစ်ပွားနေတာက ဟန်ချက်ညီတိုးတက်မှုလို့ မဆိုနိုင်ပါဘူး။

### အေးချမ်းပျော်ရွှင်စရာဘဝများ တည်ဆောက်

ကိုယ်ချင်းစာစိတ်ဟာ တစ်စိတ်တစ်ပိုင်းအားဖြင့် မွေးရာပါဗီဇနဲ့ဆိုင်သလို တစ်စိတ်တစ်ပိုင်းကတော့ လေ့လာသင်ယူတာနဲ့ ဆိုင်တယ်လို့ လေ့လာမှုတွေက ဆိုပါတယ်။ ကိုယ်ချင်းစာစိတ် ပြုစုပျိုးထောင်ရာမှာ လေ့ကျင့်ယူရမှာတွေရှိပေမယ့် လက်တွေ့မှာတော့ ကိုယ့်ရဲ့ပင်ကိုစိတ်ရင်းမှာကိုက သူတစ်ပါးအပေါ် ကိုယ်ချင်းစာစိတ်ရှိတဲ့သူက သူ့ရဲ့ဗီဇနဲ့ အကျင့်စရိုက်မှာကို ပါလာပြီးသားပါ။ ပင်ကိုဗီဇမှာ ကိုယ်ချင်းစာစိတ်ပါလာတဲ့သူဟာ အယုတ်အလတ် အမြတ်မရွေး၊ လူတိရစ္ဆာန် မခွဲခြားဘဲ သူတို့ရဲ့ အတွေး၊အမြင်၊အပြောအဆိုနဲ့ အပြုအမူတွေအားလုံးမှာ ကိုယ်ချင်းစာမှုတွေ ပါဝင်နေပါတယ်။ သူတို့ရှေ့မှာ အခြားသူတစ်ဦး ဒုက္ခရောက်နေရင်၊ အခက်အခဲတွေနဲ့ တွေ့နေရင် သူတို့ဟာ မျက်ကွယ်ပြုမနေတတ်ကြဘူး။ တတ်နိုင်သမျှ မျှဝေခံစားဖို့၊ ကူညီဖေးမဖို့ ဝန်မလေးကြဘူး။ ကိုယ်ချင်းစာစိတ်နဲ့ အဲဒီလိုကူညီလိုက်တာဟာ အကျိုးလိုလို့ ညောင်ရေလောင်းတာ မဟုတ်ပါဘူး။ ကိုယ်ချင်းစာမှုနဲ့ မေတ္တာ သက်သက်ပါ။ မွေးရာပါ ကိုယ်ချင်းစာစိတ်လို့ ဆိုရမှာပါ။

ဒါပေမယ့်လည်း ကိုယ်ချင်းစာစိတ်အပြည့် မရှိရင်တောင် ကိုယ်ချင်းစာစိတ် ခတ်ခံလေးရှိရင်တော့ လေ့ကျင့်ယူလို့ရပါတယ်။ အခြားသူတွေနဲ့ စကားပြောဆိုရာမှာ ဂရုတစိုက် နားထောင်တာ၊ အခြားသူအပေါ် လေးစားမှု ပြသတာ၊ ခံစားချက်တွေ မျှဝေဖို့ စိတ်ကိုဖွင့်ထားတာ၊ အခြားသူတွေအပေါ် မေတ္တာထားတာနဲ့ နားလည်နိုင်ဖို့ကြိုးစားတာဆိုတာတွေကို တဖြည်းဖြည်း လေ့ကျင့်ယူနိုင်ပါတယ်။ ဒါပေမယ့် မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး ချမှတ်ခဲ့သလိုပါပဲ၊ စိတ်ကောင်းရှိဖို့ ပထမလိုပါတယ်။ ဒါမှ အပြုသဘော အတွေးအမြင်နဲ့ လုပ်ရပ်တွေ ဖြစ်လာပါလိမ့်မယ်။ အပြုသဘော အတွေးအမြင်ရှိမှ ကိုယ်ချင်းစာစိတ်ကို မွေးနိုင်မှာပါ။

အဲဒီကိုယ်ချင်းစာတရားဟာ ငွေကြေးတန်ဖိုးအားဖြင့် မမြင့်မားပေမယ့် လူသားတန်ဖိုးအားဖြင့် မြင့်မားပါတယ်။ ဒီလိုအရည်အသွေးတွေဟာ အခြားသူတွေအပေါ်ကို နားလည်မှု၊ ဖြေသိမ့်မှု၊ ရိုင်းပင်းမှု၊ လေးစားမှုတွေ အပြုသဘောပေးတဲ့အတွက် ကိုယ်တိုင်အတွက်ရော ကိုယ့်ပတ်ဝန်းကျင်ကိုပါ ပျော်ရွှင်မှု၊ ကြည်နူးမှုနဲ့ အေးချမ်းမှုတွေ မျှဝေပေးနိုင်မှာ ဖြစ်ပါတယ်။ ။

**ကိုးကား**

၁။ Patricia Pouncey, Empathy and Emotional Intelligence: Understanding the Connection, March 20, 2023

၂။ The Global Risks Report 2019

၃။ https://www.catalyst.org/solution/leading-with-empathy-knowledge-burst/

# ၂၀၂၃ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဒုတိယနေ့ဆက်လက်ကျင်းပ



**နေပြည်တော် အောက်တိုဘာ ၂၁**
၂၀၂၃ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဒုတိယနေ့ကို နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပသည်။

နံနက်ပိုင်းမှ စတင်၍ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များသည် မဏိရတနာ ကျောက်စိမ်းခန်းမအတွင်း ခင်းကျင်းပြသထားသည့် ပုလဲအတွဲများ၊ ကျောက်စိမ်းအတွဲများ၊ ကျောက်မျက်အတွဲများနှင့် ခန်းမအပြင်ဘက် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို စိတ်ကြိုက်လေ့လာ ကြည့်ရှုကြသည်။



ယနေ့ပြပွဲတွင် ရောင်းချမည့် ပုလဲအတွဲအမှတ် ၁ မှ အတွဲအမှတ် ၁၅၀ အထိ ပုလဲအတွဲများကို ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များက ကြည့်ရှုစစ်ဆေးကြပြီး ဈေးနှုန်းတင်သွင်းလွှာများကို တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။

ထို့နောက် ပြပွဲတွင် ရောင်းချသည့် ပုလဲအတွဲပေါင်း ၃၀၀ အနက်မှ ပုလဲအတွဲအမှတ် ၁ မှ အတွဲအမှတ် ၁၅၀ အထိ တင်သွင်းထားသော ဈေးနှုန်းတင်သွင်းလွှာများအနက် တင်ဒါအမှတ် (၁) ကို မွန်းလွဲ ၁ နာရီတွင် လည်းကောင်း၊ တင်ဒါအမှတ် (၂) ကို ညနေ ၅ နာရီတွင် လည်းကောင်း တာဝန်ရှိသူများက ဖွင့်ဖောက်စစ်ဆေးပြီး ပုလဲအတွဲပေါင်း ၁၅၀ ရောင်းချရကြောင်း ကြေညာသည်။

ပြပွဲတတိယနေ့တွင် ပုလဲအတွဲပေါင်း ၃၀၀ အနက်မှ ကျန်ရှိသည့် ပုလဲအတွဲအမှတ် ၁၅၁ မှ အတွဲအမှတ် ၃၀၀ အထိကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များအား ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ယနေ့နံနက်ပိုင်းတွင် ပြပွဲကျင်းပရာ မဏိရတနာ ကျောက် စိမ်းခန်းမသို့ ရောက်ရှိပြီး ပုလဲအတွဲများ တင်ဒါဖွင့်ဖောက်စစ်ဆေးနေမှု၊ မဏိရတနာ ကျောက်စိမ်းခန်းမအတွင်း ပြသထားသည့် ပုလဲအတွဲများ၊ ကျောက်စိမ်းအတွဲများ၊ ကျောက်မျက်အတွဲများ၊ ကျောက်မျက်နှင့် လက်ဝတ်ရတနာ အရောင်းဆိုင်များကို လိုက်လံကြည့်ရှုစစ်ဆေးပြီး **(အပေါ်ဝဲပုံ)** တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ယခု ကျင်းပပြုလုပ်သည့် ၂၀၂၃ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာ ပြပွဲကို နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ အောက်တိုဘာ ၂၀ ရက်မှစတင်၍ ၂၈ ရက်အထိ ကျင်းပနေခြင်းဖြစ်ပြီး ပြပွဲတွင် ပုလဲအတွဲ ၃၀၀၊ ကျောက်မျက်အတွဲ ၁၆၀၊ (A) အုပ်စုမှ ကျောက်စိမ်းအတွဲ ၅၂၀၊ (B) အုပ်စုမှ ကျောက်စိမ်းအတွဲ ၁၇၃၃ နှင့် (C)အုပ်စုမှ ကျောက်စိမ်းအတွဲ ၁၇၈၂ စုစုပေါင်း ကျောက်စိမ်းအတွဲ ၄၀၄၅ တို့ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များကို ရောင်းချပေးသွားမည်ဖြစ်သည်။

ထို့ပြင် ယခုကျင်းပပြုလုပ်လျက်ရှိသည့် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာ ပြပွဲသို့ ပြည်ပနိုင်ငံ လေးနိုင်ငံမှ ရတနာကုန်သည်များ ပိုမိုတက်ရောက်ခဲ့ပြီး ယခင်ကျင်းပပြီး ပြပွဲများထက် ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များက တက်ရောက်ယှဉ်ပြိုင်ဝယ်ယူမှု များပြားသဖြင့် ပုလဲအတွဲများကို ဈေးနှုန်းပိုမိုစွာ ရောင်းချရရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယဗိုလ်ချုပ်ကြီး နီလင်းအောင် (၄၁) ကြိမ်မြောက်အာဆီယံရဲအဖွဲ့ ညီလာခံတက်ရောက်

**နေပြည်တော် အောက်တိုဘာ ၂၁**
ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယဗိုလ်ချုပ်ကြီး နီလင်းအောင် ဦးဆောင်၍ အဆင့်မြင့်ရဲအရာရှိကြီးများပါဝင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့တွင် ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁၇ ရက်မှ ၁၉ ရက်အထိ ကျင်းပသည့် (၄၁) ကြိမ်မြောက် အာဆီယံရဲအဖွဲ့ညီလာခံ (41st ASEANAPOL Conference) သို့ တက်ရောက်ခဲ့သည်။



အဆိုပါ (၄၁) ကြိမ်မြောက် အာဆီယံရဲအဖွဲ့ ညီလာခံသို့ အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံမှ ရဲချုပ်များနှင့် အဆင့်မြင့်ရဲအရာရှိကြီးများ၊ အာဆီယံရဲအဖွဲ့ အတွင်းရေးမှူးရုံးမှ အလုပ်အမှုဆောင် ညွှန်ကြားရေးမှူးနှင့် အရာရှိများ၊ ဆွေးနွေးဖက်နိုင်ငံ/ အဖွဲ့အစည်းများဖြစ်ကြသော တရုတ်၊ ဂျပန်၊ ကိုရီးယား၊ရုရှား၊ နယူးဇီလန်၊ တူကီယဲ၊ ဗြိတိန်၊ ဩစတြေးလျနှင့် အာဆီယံအတွင်းရေးမှူးရုံးတို့မှ အဆင့်မြင့်အရာရှိကြီးများ၊ လေ့လာသူနိုင်ငံ/အဖွဲ့အစည်းများ ဖြစ်ကြသော ကနေဒါ၊ ပြင်သစ်၊ ဖီဂျီ၊ တီမောလက်စတေ၊ အီတလီ၊ အာရပ်စော်ဘွားများပြည်ထောင်စု၊ အမေရိကန်အခြေစိုက် အပြည်ပြည်ဆိုင်ရာရဲချုပ်များအသင်း (IACP)၊ အမေရိကန်စုံစမ်းစစ်ဆေးရေးဗဟိုဌာန (FBI) တို့မှ အဆင့်မြင့်အရာရှိကြီးများ စုစုပေါင်း ၃၀၀ နီးပါးခန့် တက်ရောက်ခဲ့ကြသည်။

ညီလာခံအစီအစဉ်အနေဖြင့် အောက်တိုဘာ ၁၆ ရက်တွင် (၁၂) ကြိမ်မြောက် အာဆီယံရဲအဖွဲ့ အလုပ်အမှုဆောင်ကော်မတီ အစည်းအဝေးကိုလည်းကောင်း၊ အောက်တိုဘာ ၁၇ ရက်တွင် (၄၁) ကြိမ်မြောက် အာဆီယံရဲအဖွဲ့ညီလာခံဖွင့်ပွဲအခမ်းအနား၊ ပထမအကြိမ်စုံညီအစည်းအဝေး၊ အာဆီယံရဲအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များ၏ ဆွေးနွေးမှုဖိုရမ်၊ အာဆီယံရဲအဖွဲ့ဝင်နိုင်ငံများနှင့် ဆွေးနွေးဖက်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များ၏ဆွေးနွေးမှုဖိုရမ်နှင့် မှုခင်းအမျိုးအစားအလိုက်ဆွေးနွေးသည့် ကော်မရှင် A ၊ B ၊ C အစည်းအဝေးများကို လည်းကောင်း၊ အောက်တိုဘာ ၁၈ ရက်တွင် ကော်မရှင် A၊ B၊ C ဒုတိယနေ့ အစည်းအဝေးများကိုလည်းကောင်း၊ အောက်တိုဘာ ၁၉ ရက်တွင် ဒုတိယအကြိမ် စုံညီအစည်းအဝေးနှင့်(၄၁)ကြိမ်မြောက် အာဆီယံရဲအဖွဲ့ ညီလာခံပိတ်ပွဲအခမ်းအနား တို့ကိုလည်းကောင်း ကျင်းပခဲ့သည်။

အောက်တိုဘာ ၁၇ ရက်တွင် ပြုလုပ်ခဲ့သော ကော်မရှင်A၊ B၊ C အစည်းအဝေးများ၌ မူးယစ်ဆေးဝါးမှု၊ အကြမ်းဖက်မှု၊ လက်နက်မှောင်ခိုမှု၊ လူကုန်ကူးမှု၊ တောရိုင်းတိရစ္ဆာန်များအား တရားမဝင်ရောင်းဝယ်မှု၊ ပင်လယ်ရေကြောင်းဆိုင်ရာလိမ်လည်မှု၊ စီးပွားရေးမှုခင်းများနှင့် ဘဏ်ငွေကြေးလိမ်လည်မှုများ၊ ဆိုက်ဘာမှုခင်း၊ ခရီးသွားစာရွက်စာတမ်းများအတုပြုလုပ်မှု၊ နိုင်ငံဖြတ်ကျော်လိမ်လည်မှု၊ အာဆီယံရဲအဖွဲ့၏ အီလက်ထရောနစ် Database စနစ်၊ ပြစ်မှုဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ အပြန်အလှန်အကူအညီပေးရေး၊ အာဆီယံရဲအဖွဲ့ဝင်နိုင်ငံများအကြား စွမ်းရည်မြှင့်တင်ရေးအစီအစဉ်၊ အာဆီယံရဲအဖွဲ့၏ မှုခင်းဆေးပညာသိပ္ပံကွန်ရက် စသည့်မှုခင်းအမျိုးအစားများနှင့် အကြောင်းအရာများကို ဆွေးနွေးခဲ့ကြသည်။

အောက်တိုဘာ ၁၉ ရက် နံနက်ပိုင်းတွင် အာဆီယံရဲအဖွဲ့ဝင် ၁၀ နိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များနှင့် အာဆီယံရဲအဖွဲ့အတွင်းရေးမှူးရုံးမှ အလုပ်အမှုဆောင် ညွှန်ကြားရေးမှူးတို့က လာအိုနိုင်ငံဝန်ကြီးချုပ် H.E. Sonexay Siphandone ထံ သွားရောက်တွေ့ဆုံ ဂါရဝပြုနှုတ်ဆက်ကြပြီး ညနေပိုင်းတွင် ဒုတိယအကြိမ်စုံညီအစည်းအဝေးနှင့် ညီလာခံပိတ်ပွဲအခမ်းအနားကို ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် လာအိုနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် လာအိုနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်၊ ရဲဗိုလ်ချုပ် Kamkim Phouilamany-vong က (၄၂)ကြိမ်မြောက်အာဆီယံရဲအဖွဲ့ညီလာခံကို ၂၀၂၄ ခုနှစ်တွင် အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် မြန်မာနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယဗိုလ်ချုပ်ကြီး နီလင်းအောင်ထံ အာဆီယံရဲအဖွဲ့အထိမ်းအမှတ်တံဆိပ်ကို လွှဲပြောင်းပေးရာ မြန်မာနိုင်ငံကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး နီလင်းအောင်က လက်ခံရယူပြီး **(ဝဲပုံ)** ဂုဏ်ယူဝမ်းမြောက်ကြောင်း အမှာစကားပြောကြားကာ မြန်မာ့ရှုခင်းဗီဒီယိုကို အကြိုမိတ်ဆက်ပြသခဲ့သည်။

ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယဗိုလ်ချုပ်ကြီး နီလင်းအောင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ ၂၀ ရက်တွင် လာအိုနိုင်ငံ ဗီယင်ကျန်းမြို့မှ ပြန်လည်ထွက်ခွာခဲ့ရာ မြန်မာနိုင်ငံ ရန်ကုန်မြို့သို့ ယင်းနေ့ဒေသစံတော်ချိန် ည ၈ နာရီ ၅ မိနစ်တွင် ပြန်လည်ရောက်ရှိခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

■ *ကျောဖုံးမှ*

မြစ်၊ ချောင်း၊ အင်း၊ အိုင် စသည့်ရေအရင်းအမြစ်နှင့် ရေဝေရေလဲဒေသများ ထိန်းသိမ်းရန်၊ ဂေဟစနစ်တည်ငြိမ်မှုရှိစေရန်၊ ဒေသခံပြည်သူများ၏ အခြေခံလိုအပ်ချက်ဖြစ်သော သစ်၊ ထင်း၊ ဝါး စသည့်သစ်တောထွက်ပစ္စည်းများ ဖြည့်ဆည်းပေးနိုင်ရန်၊ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းနိုင်ရန်နှင့် ရာသီဥတုသာယာမျှတစေပြီး စိုက်ပျိုးရေးလုပ်ငန်းများကို အထောက်အကူပြုစေရန် ရည်ရွယ်၍ ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများကို ဖွဲ့စည်းသတ်မှတ်ခြင်းဖြစ်ပါသည်။

ဂျူးဇီကြိုးပြင် ကာကွယ်တောသတ်မှတ်ခြင်းအားဖြင့် အဆိုပါဧရိယာအတွင်း ပေါက်ရောက်လျက်ရှိသော ထောက်ကြံ့၊ ယမနေ၊ ကညင်ဖြူ စသည့် အဖိုးတန်သစ်မျိုးများနှင့် သတီ၊ ကြေးလံ၊ စကားဝါ၊ စကားစိမ်း၊ လောက်ယား၊ သစ်အယ် စသည့်သစ်မျိုးများကို ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ မျိုးသုဉ်းပျောက်ကွယ်နိုင်သည့် အပင်မျိုးစိတ်များနှင့် တောရိုင်းတိရစ္ဆာန်များအား ကာကွယ်နိုင်ခြင်း၊ နေထိုင်ကျက်စားလျက်ရှိသော တောင်ဆိတ်၊ ဝက်ဝံ၊ ဖြူ၊ မျောက်လွှဲ၊ ကျော်(မျက်ခုံးဖြူ)၊ ချေ၊ ဆတ်၊ ပြောင်၊ သင်းခွေချပ်၊ တောဝက်၊ ရှူးပုံ စသည့် တောရိုင်းတိရစ္ဆာန်များ၏ နေရင်းဒေသများ တိုးပွားလာနိုင်ခြင်း၊ နန်တဟူချောင်းအတွင်းစီးဝင်သည့် ချောင်းလက်တက်များ၏ ရေဝေရေလဲဧရိယာများအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်းနှင့် သစ်တောသယံဇာတများကို စနစ်တကျစီမံအုပ်ချုပ်နိုင်မည်ဖြစ်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါသည်။

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

# ဂျပန်ဝန်ကြီးချုပ် ကီရှီဒါ ဖိလစ်ပိုင်နှင့် မလေးရှားနိုင်ငံသို့ သွားရောက်မည်




**တိုကျို အောက်တိုဘာ ၂၁**
ဂျပန်နိုင်ငံဝန်ကြီးချုပ် ဖူမီယို ကီရှီဒါသည်ဖိလစ်ပိုင်နှင့် မလေးရှားနိုင်ငံသို့ နိုဝင်ဘာ ၃ ရက်မှစတင်၍ သုံးရက်ကြာခရီး သွားရောက်ရန် စီစဉ်ထားသည်။

ခရီးစဉ်တွင် နှစ်နိုင်ငံ ခေါင်းဆောင်များနှင့် သီးခြားစီတွေ့ဆုံ ဆွေးနွေးရန် စီစဉ်ထားပြီး တရုတ်နိုင်ငံ၏ ရေကြောင်းဆိုင်ရာ လှုပ်ရှားမှုများ တိုးမြှင့်လာချိန်တွင် လုံခြုံရေး ပူးပေါင်းဆောင်ရွက်မှု အားကောင်းလာစေရန် စီမံချက်များကို အတည်ပြု ဆွေးနွေးသွားဖွယ်ရှိသည်။

၎င်းတို့သည် ဂျပန်အတွက် တရားဝင် လုံခြုံရေးအကူအညီ မူဘောင်အသစ်နှင့် သဘောထားတူနိုင်ငံများသို့ ကာကွယ်ရေး ပစ္စည်းကိရိယာများနှင့် အခြား ထောက်ပံ့ပစ္စည်းများ ပေးအပ်ရန်၊ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးနှင့် ယဉ်ကျေးမှုဖလှယ်ရေး အစီအစဉ်များကိုလည်း ဆွေးနွေးဖွယ်ရှိသည်။

ဝန်ကြီးချုပ် ကီရှီဒါသည် တိုကျို၌ ဒီဇင်ဘာလတွင် ကျင်းပမည့် ဂျပန်နှင့် အရှေ့တောင်အာရှနိုင်ငံများအသင်းတို့ကြား အထူးထိပ်သီးအစည်းအဝေး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အကူအညီ တောင်းရန်လည်း စီစဉ်ထားသည်။ **အင်န်အိတ်ချ်ကေ**

## ဟားမားစ်အဖွဲ့ကဖမ်းဆီးထားသည့် အမေရိကန် ဓားစာခံနှစ်ဦးကို လွှတ်ပေးခဲ့

**ဂျေရုဆလင် အောက်တိုဘာ ၂၁**
အစ္စလာမ္မစ်အဖွဲ့ ဟားမားစ်က အမေရိကန်နိုင်ငံသား ဓားစာခံ နှစ်ဦးကို လွှတ်ပေးခဲ့ကြောင်း အောက်တိုဘာ၂၀ရက်ကကြေညာသည်။ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကြောင်းပြချက်များဖြင့် မိခင်တစ်ဦးနှင့် သမီးဖြစ်သူကို လွှတ်ပေးလိုက်ကြောင်း ၎င်းတို့၏ ဆိုရှယ်မီဒီယာတွင် ကြေညာချက်ထုတ်ပြန်သည်။

ကာတာနိုင်ငံမှ စေ့စပ်ညှိနှိုင်းရေးမှူးများ၏ ကြိုးပမ်းမှုဖြင့် ဓားစာခံများ လွှတ်မြောက်လာခြင်းဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဟားမားစ် စစ်သွေးကြွများသည် လွန်ခဲ့သည့် သီတင်းနှစ်ပတ်အတွင်းက အစ္စရေးကို တိုက်ခိုက်ခဲ့ရာမှ အရပ်သားများနှင့် နိုင်ငံခြားသားများအပါအဝင် အလွှာပေါင်းစုံမှ ဓားစာခံ ၂၀၀ ကျော်ကို ဖမ်းဆီးခေါ်ဆောင်သွားခဲ့ခြင်းဖြစ်သည်။

ဖမ်းဆီးခံထားရသည့် အမေရိကန်များ အိမ်ပြန်လာနိုင်ရေး လုပ်ဆောင်နိုင်သည့်လမ်းကြောင်းများအားလုံးအတိုင်း လုပ်ဆောင်မည်ဟု အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်ကပြောသည်။

ထို့ပြင် ဂါဇာကမ်းမြောင်ဒေသ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အခြေအနေများကို စိုးရိမ်ကြောင်း အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်ကပြောသည်။ ပါလက်စတိုင်းပြည်သူများသည် အစားအသောက်၊ ရေနှင့်ဆေးဝါးများ ပြတ်တောက်လုနီးနီး ဖြစ်နေပြီဖြစ်သည်။

အစ္စရေးနှင့် ဟားမားစ်တို့ကြား တိုက်ပွဲများကြောင့် အောက်တိုဘာ ၇ ရက်မှစပြီး အစ္စရေးဘက်မှ အနည်းဆုံး လူ ၁၄၀၀ နှင့် ဂါဇာကမ်းမြောင်ဒေသမှ အနည်းဆုံး ၄၁၃၇ ဦး အပါအဝင် စုစုပေါင်း ၅၅၀၀ ကျော် သေဆုံးခဲ့သည်။

**အင်န်အိတ်ချ်ကေ**



ဂျူဒစ်တိုင်ရာနာနှင့် သမီးဖြစ်သူ နာတလီ ရှီရာနာရာနာတို့ ပြန်လည်လွတ်မြောက်လာသည်ကို တွေ့ရစဉ်။

## အာဖဂန်အနောက်ပိုင်းရှိ ပြည်နယ်၌ တံတားသစ်တစ်စင်းဖွင့်လှစ်

**ဇာရပ်ဂျ် အောက်တိုဘာ ၂၁**
အာဖဂန်နစ္စတန်နိုင်ငံ အနောက်ဘက် နင်မ်ရော့ဇ်ပြည်နယ်ရှိ မဖြစ်မနေအသုံးပြုရန်လိုအပ်သော တံတားသစ်တစ်စင်းကို ကူးသန်းသွားလာရန် ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း နိုင်ငံပိုင် ဘာ့ခ်ထာသတင်းဌာနက အောက်တိုဘာ ၂၁ ရက်တွင် ဖော်ပြသည်။

မီတာ ၃၀၀ ရှည်လျားသည့် အဆိုပါတံတားကို အာဖဂန်နစ္စတန်နိုင်ငံသုံးငွေ ၂၃၁ သန်း (အမေရိကန် ဒေါ်လာ ၃ ဒသမ ၀၆ သန်းခန့်) အကုန်အကျခံ တည်ဆောက်ခဲ့ပြီး အောက်တိုဘာ ၁၉ ရက်တွင် ပြီးစီးခဲ့ကာအောက်တိုဘာ၂၀ရက်တွင်တရားဝင်ဖွင့်လှစ်လိုက်ကြောင်း နိုင်ငံပိုင်မီဒီယာက ဖော်ပြသည်။

အလားတူ အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်း ပါဝမ်ပြည်နယ်တွင် ဒေါ်လာ ၁၃၂၅၀၀ ကုန်ကျမည့် လမ်းတည်ဆောက်ရေးလုပ်ငန်းများကိုလည်း အောက်တိုဘာ ၁၉ ရက်က စတင်ခဲ့သည်။

စစ်ဒဏ်ခံနေရသော အာဖဂန်နစ္စတန်ကို ပြန်လည်တည်ဆောက်ရန် ကြိုးပမ်းမှုတစ်စိတ်တစ်ပိုင်းအနေဖြင့် အာဖဂန်အိမ်စောင့်အစိုးရက ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စီမံကိန်းအချို့ကို စတင်လုပ်ဆောင်ခြင်းအပြင် ဆင်းရဲနွမ်းပါးသော ပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန် ပြည်တွင်းနှင့် ပြည်ပကုမ္ပဏီများထံ တောင်းဆိုခဲ့သည်။

ဆင်ဟွာ

## တရုတ်နိုင်ငံတောင်ပိုင်းရှိ စက်ရုံတစ်ရုံပေါက်ကွဲမှုကြောင့် ခြောက်ဦးသေဆုံး

**ပေကျင်း အောက်တိုဘာ ၂၁**
တရုတ်နိုင်ငံတောင်ပိုင်း ကွမ်ရှီးကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ဖန်ကော်မြို့ရှိ စက်ရုံတစ်ရုံတွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ ခြောက်ဦး သေဆုံးခဲ့သည်ဟု ဒေသခံအာဏာပိုင်များက အောက်တိုဘာ ၂၁ ရက်တွင် ပြောသည်။

အောက်တိုဘာ ၂၀ ရက် ည ၉ နာရီ မိနစ် ၃၀ ဝန်းကျင်တွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အောက်တိုဘာ ၂၁ ရက် နံနက် ၁နာရီတွင် ကယ်ဆယ်ရေးလုပ်ငန်းများကို အဆုံးသတ်ခဲ့သည်။ လူလေးဦးကိုကယ်ထုတ်ကာ ဆေးရုံတွင် ဆေးကုသမှုပေးထားသည်။ ၎င်းတို့လေးဦးစလုံး အသက်အန္တရာယ်စိုးရိမ်ဖွယ်မရှိဟု သိရသည်။

အရည်ပျော်နေသည့် အလူမီနီယံများ အအေးခံသည့် ရေကန်အတွင်း ယိုဖိတ်ကျခြင်းမှ အပူချိန်မြင့်မားကာ ပေါက်ကွဲမှုဖြစ်ပေါ်ရခြင်းဖြစ်သည်ဟု ကနဦးစုံစမ်းစစ်ဆေးမှုများအရ သိရသည်။

ဆင်ဟွာ

## ကယ်ဆယ်ရေးပစ္စည်းများတင်ဆောင်လာသည့် ထရပ်ကားများ ဂါဇာကမ်းမြောင်ဒေသသို့ စတင်ဝင်ရောက်

**ဂါဇာ အောက်တိုဘာ ၂၁**
အီဂျစ်နိုင်ငံကိုဖြတ်၍ ရာဖာဖြတ်သန်းရေးဂိတ်မှတစ်ဆင့် ဂါဇာကမ်းမြောင်ဒေသသို့ ကယ်ဆယ်ရေး ပစ္စည်းများတင်ဆောင်လာသည့် ထရပ်ကားများ စတင်ဝင်ရောက်လာပြီဟု မီဒီယာများတွင် ဖော်ပြကြသည်။

အဆိုပါကယ်ဆယ်ရေးပစ္စည်းများ အဆင်ပြေချောမွေ့စွာ ရောက်ရှိသွားပါက အောက်တိုဘာ ၇ ရက်နောက်ပိုင်း အစ္စရေးတို့ပိတ်ဆို့ထားသည့် ဂါဇာဒေသသို့ အကူအညီများ ပထမဦးဆုံးရောက်ရှိမည်ဖြစ်သည်။ အီဂျစ်သမ္မတ ဖာတာအယ်စီစီသည် နယ်စပ်ဖြတ်သန်းရေးဂိတ် ပြန်လည်ဖွင့်ပေးရန် သဘောတူခဲ့သည်ဟု အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က အောက်တိုဘာ ၁၈ ရက်တွင် ကြေညာခဲ့သည်။ ထို့ကြောင့် ကယ်ဆယ်ရေးပစ္စည်းများ တင်ဆောင်လာသည့် ထရပ်ကားအစီး ၂၀ ကို ဂါဇာဒေသရှိ ပြည်သူများထံ စေလွှတ်နိုင်ခဲ့ခြင်းဖြစ်သည်။ ထရပ်ကားများ စတင်မဝင်ရောက်မီ ဖြတ်သန်းရေးဂိတ် သွားရာလမ်းများကို ပြန်လည်ပြင်ဆင်သင့်သည်ဟု ဘိုင်ဒင်က ပြောသည်။

အစ္စရေးတို့သည် ပြီးခဲ့သည့် နှစ်ပတ်အတွင်း စစ်ဆေးရေးဂိတ်ကို လေးကြိမ်တိုင်တိုင် တိုက်ခိုက်ခဲ့ပြီး ထောက်ပံ့ရေးပစ္စည်းများဖြင့် ဖြတ်သန်းခွင့်ကို ငြင်းပယ်ခဲ့သည်ဟု အီဂျစ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောသည်။

ဂါဇာနှင့်အီဂျစ်ကြား နယ်စပ်ကို အစ္စရေးတပ်ဖွဲ့ဝင်များက တင်းတင်းကျပ်ကျပ် ထိန်းချုပ်ထားသည်။ ဂါဇာဒေသို့ လက်နက်များ မှောင်ခိုဝင်ခြင်းကို တားဆီးရန် နယ်စပ်ရှိ ဥမင်လိုဏ်ခေါင်းများကို ပစ်မှတ်ထားကာ အစ္စရေးတို့က လေကြောင်းမှ ပစ်ခတ်တိုက်ခိုက်မှုများ ပြုလုပ်ကြသည်ဟု ဆိုသည်။



အခြေအနေများမှာ အထိအခိုက်မခံဘဲရှိနေပြီး ဂါဇာကမ်းမြောင်ဒေသတွင် အမှန်တကယ် အကူအညီလိုအပ်နေသည့် လူပေါင်း ၂ ဒသမ ၂သန်းထံ ထောက်ပံ့ရေးပစ္စည်းများ ရောက်မရောက် မသေချာသေးဟု ဆိုသည်။ **အင်န်အိတ်ချ်ကေ**

# ပိတ်ဆို့မှုတွေကြောင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းမှာ အခက်အခဲတွေ ကြုံတွေ့နေရဆဲဖြစ်တဲ့ ငလျင်ဘေးဒဏ်ခံ အာဖဂန်ပြည်သူများ

နှင်းမိုးအိမ်

**အာဖဂန်နစ္စတန်နိုင်ငံ ဟီရတ်ပြည်နယ်မှာ လှုပ်ခဲ့တဲ့ငလျင်ကြောင့် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရတဲ့ ဒေသခံတွေထဲမှာ မိုဟာမက်တို့မိသားစုလည်း အပါအဝင်ပါပဲ။ မိုဟာမက်တို့ မိသားစုခြောက်ယောက်ကတော့ ဟင်းလင်းပြင်မှာ ဆောင်တစ်ထည်တည်းကို အတူခြုံနေကြရပါတယ်။**

### ပြန်လည်ထူထောင်ရေးမှာ ထိခိုက်မှုတွေဖြစ်စေ

အာဖဂန်နစ္စတန်ရဲ့ပိုင်ဆိုင်မှုတွေကို အမေရိကန်က ထုတ်ယူလို့မရအောင် ပိတ်ဆို့ထားတဲ့အတွက် ငလျင်အပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေမှာ ထိခိုက်မှုတွေဖြစ်စေတယ်လို့ မိုဟာမက်တို့မိသားစုကလက်ခံထားပါတယ်။ အာဖဂန်စ္စတန်နိုင်ငံဟာ မကြာသေးမီ အချိန်အတွင်းကမှ ဆယ်စုနှစ်များစွာအတွင်းမှာ အဆိုးရွားဆုံး ငလျင်လှုပ်မှုနှင့် တွေ့ကြုံခဲ့ရတာပဲဖြစ်ပါတယ်။ အောက်တိုဘာ ၇ ရက်က ဟီရတ်ပြည်နယ်မှာလှုပ်သွားတဲ့ ငလျင်ဟာဆိုရင် ပြင်းအား ၆ ဒသမ ၃ မဂ္ဂနီကျူးရှိပြီး လူထောင်နဲ့ချီပြီးအသက်ဆုံးရှုံးမှုကို ဖြစ်ပေါ်စေခဲ့ပါတယ်။

### နေအိမ်တွေပျက်စီးဆုံးရှုံး

ငလျင်ပြီးသွားတာတောင် ဘဝအတွက် မျှော်လင့်ချက်တွေ ပြိုလဲလုနီးနီးပါပဲလို့ အသက် ၄၀ အရွယ် ကျေးရွာသားတစ်ဦးဖြစ်တဲ့ မိုဟာမက်က ပြောပါတယ်။ ဟီရတ်ပြည်နယ် ဇင်ဒါဂျန် ခရိုင်အတွင်းက ကျေးရွာအများအပြားမှာ ငလျင်ဒဏ်ကြောင့် နေအိမ်တွေ ဆုံးရှုံးပျက်စီးခဲ့ရပါတယ်။ အသက်ရှင်ကျန်ရစ်သူတွေအနေနဲ့ကတော့ ချမ်းအေးတဲ့ရာသီဥတုကို အန်တုပြီး အမိုးအကာမရှိ ဟင်းလင်းပြင်မှာ ဖြစ်သလိုနေထိုင်ရတော့တာပါပဲ။

### နေအိမ်တွေပြန်ဆောက်ရဦးမည်

ကုလသမဂ္ဂကနေ ကယ်ဆယ်ရေးလုပ်ငန်းတွေဆောင်ရွက်ဖို့ အမေရိကန်ဒေါ်လာငါးသန်း ခွင့်ပြုပေးခဲ့ပါတယ်။ ပါကစ္စတန်၊ အီရန်၊ တူကီယဲနဲ့ တရုတ်နိုင်ငံတို့ကလည်း အစားအသောက်၊ ဆေးဝါးနဲ့ စောင်တွေ၊ ရွက်ဖျင်တဲတွေအပြင် ဘဏ္ဍာရေးဆိုင်ရာအကူအညီတွေပါ ပေးခဲ့ပါတယ်။

ငလျင်ဘေးဒဏ်ခံဒေသမှာ အလှူရှင်နိုင်ငံတွေနဲ့ အကူအညီပေးရေးအေဂျင်စီတွေကနေ လှူဒါန်းတဲ့ ရွက်ဖျင်တဲတွေ အမိုးအကာတွေ ရရှိပေမယ့်လည်း ငလျင်ဘေးဒဏ်ခံ မိသားစုတွေအနေနဲ့ကတော့ သူတို့ရဲ့နေအိမ်အဆောက်အအုံတွေကို ပြန်လည်ဆောက်လုပ်ရဦးမှာပါပဲ။

"အမေရိကန်ကတော့ အာဖဂန်နစ္စတန်က ပိုင်ဆိုင်တဲ့ ပိုက်ဆံတွေကို ပိတ်ဆို့ထားပြီး ထုတ်ယူခွင့်ပြုဖို့ ငြင်းဆန်ထားပါတယ်။ ပိုက်ဆံတွေသာ ထုတ်ယူခွင့်ရမယ်ဆိုရင် ကျွန်တော်တို့ အိမ်တွေ ပြန်ဆောက်တဲ့နေရာမှာ အသုံးပြုလို့ရတာပေါ့" လို့ မိုဟာမက်က ပြောပါတယ်။



### ပိတ်ဆို့မှုပြစ်ဒဏ်ချမှတ်ထား

အမေရိကန်ရဲ့လုပ်ရပ်တွေဟာ တရားမျှတမှုမရှိဘူးလို့ သူကဆက်ပြောပါတယ်။ စစ်ဒဏ်ခံနေရတဲ့ အာဖဂန်နစ္စတန်နိုင်ငံကနေ အမေရိကန်ဦးဆောင်တဲ့တပ်ဖွဲ့ဝင်တွေ ထွက်ခွာသွားပြီးတဲ့နောက် အာဖဂန်နစ္စတန်ရဲ့ပိုင်ဆိုင်မှုဖြစ်တဲ့ အမေရိကန်ဒေါ်လာ ၉ ဘီလီယံကျော်ကို အမေရိကန်က ထုတ်ယူခွင့်မပေးဘဲ ပိတ်ဆို့မှုပြစ်ဒဏ်ချမှတ်ထားပါတယ်။

တာလီဘန်တွေဦးဆောင်တဲ့ အစိုးရအဖွဲ့ကို နောက်ထပ်ဖိအားတွေပေးဖို့ အမေရိကန် မှာ ၉/၁၁ အကြမ်းဖက်တိုက်ခိုက်မှုတုန်းက ထိခိုက်ခံစားခဲ့ရတဲ့ ပြည်သူတွေဆီ အမေရိကန်ဒေါ်လာ ၃ ဒသမ ၅ ဘီလီယံကို ခွဲဝေချထားပေးဖို့ အမိန့်တစ်ရပ်ကို အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ပြီးခဲ့နှစ် ဖေဖော်ဝါရီလအတွင်းက လက်မှတ်ရေးထိုးခဲ့ပါတယ်။

### ဒုက္ခတွေပိုမိုခံစားရ

နောက်ထပ်ဒေသခံတစ်ဦးဖြစ်တဲ့ ဒါဝုဒ်ကလည်း အမေရိကန်ရဲ့ ပိတ်ဆို့မှုကြောင့် နဂိုကတည်းကမှ အခက်အခဲအကျပ်အတည်းတွေနဲ့ ကြုံတွေ့နေရတဲ့ ငလျင်ဘေးဒဏ်ခံမိသားစုတွေအတွက် နောက်ထပ်ဒုက္ခတွေ ပိုမိုခံစားစေရတယ်လို့ သူ့ရဲ့ ထင်မြင်ချက်ကို ပြောပါတယ်။

ငလျင်ဘေးကနေ အသက်ရှင်ကျန်ရစ်သူတွေအတွက် နောက်ထပ်အခက်အခဲကတော့ ရာသီဥတုက တဖြည်းဖြည်းနဲ့ အေးလာပြီဖြစ်ပေမယ့်လည်း ဟင်းလင်းပြင်ကြီးမှာ နေထိုင်နေရတုန်းပါပဲ။ အေးခဲလှတဲ့ဆောင်းတွင်းကလည်း တဖြည်းဖြည်း နီးကပ်လို့လာနေပါပြီ။ နှင်းမကျခင် မိသားစုတိုင်း မိသားစုတိုင်း ခိုလှုံရာနေရာတွေ လိုအပ်လာပါပြီ။

"အမေရိကန်ပြည်ထောင်စုဟာ အာဖဂန်ပိုင်ဆိုင်တဲ့ငွေကြေးတွေကို ထုတ်ယူခွင့်မရအောင် ပိတ်ဆို့ထားတယ်၊ အဲဒီအတွက်ကြောင့်ပဲ နဂိုကတည်းကမှ ထိခိုက်မှုတွေများနေတဲ့ နိုင်ငံအပေါ် နောက်ထပ်ဒုက္ခတွေ ပိုပိုပြီးတိုးလာစေပါတယ်" လို့ ဒါဝုဒ်က ပြောပါတယ်။

### ၁၀၀ ရာခိုင်နှုန်း ဆိုးကျိုးတွေသက်ရောက်

ဒါဝုဒ်ကတော့ မိသားစုဝင်ငါးဦးကို ဆုံးရှုံးထားရတဲ့သူလည်း ဖြစ်ပါတယ်။ အခုလို ပိတ်ဆို့မှုတွေကြောင့် ၁၀၀ ရာခိုင်နှုန်း ဆိုးကျိုးတွေပဲ သက်ရောက်စေတယ်လို့ သူက ဆက်ပြောပါတယ်။ အုတ်၊ ဘိလပ်မြေ၊ သစ်သားနဲ့ အခြားသောအိမ်ဆောက်ပစ္စည်းတွေ အကုန်လုံးဈေးတက်နေပြီး အာဖဂန်နိုင်ငံသားတွေ တတ်နိုင်တဲ့ဈေးထက် ပိုပြီးများနေတယ်လို့ သူက ဆက်ပြောပါတယ်။

ငလျင်အပြီး ပြန်လည်တည်ဆောက်ရေးလုပ်ငန်းတွေနဲ့ပတ်သက်ပြီး အမေရိကန်ရဲ့ပိတ်ဆို့မှုတွေအကြောင်းပြောတဲ့အခါ "အမေရိကန်ပဲဖြစ်ဖြစ် တခြား ဘယ်နိုင်ငံပဲဖြစ်ဖြစ် အာဖဂန်နစ္စတန်အပေါ် ပိတ်ဆို့မှုတွေချမှတ်တာဟာဆိုရင် သာမန်အရပ်သားပြည်သူတွေအပေါ် ပြစ်ဒဏ်ပေးတာနဲ့အတူတူပါပဲ" လို့ ဟီရတ်ပြည်နယ်အစိုးရ ပြောရေးဆိုခွင့်ရှိသူ နီဆာအာမက်အီလီအက်စ်က ပြောပါတယ်။

### သေဆုံးသူ ၂၀၀၀ ကျော်ရှိ

တာလီဘန် အရာရှိတွေရဲ့ပြောကြားချက်အရ အာဖဂန်နစ္စတန်မှာ အောက်တိုဘာ ၇ ရက်က ငလျင်ကြောင့် လူပေါင်း ၂၀၀၀ ကျော် သေဆုံးခဲ့ရပါတယ်။ ငလျင်ရဲ့ဗဟိုချက်မကတော့ ဇင်ဒါဂျန်ခရိုင်ဖြစ်ပြီး ခရိုင်အတွင်း လူပေါင်း ၁၂၉၄ ဦး သေဆုံးကာ ၁၆၈၈ ဦး ဒဏ်ရာရရှိခဲ့ပါတယ်။

နေအိမ်တိုင်း နေအိမ်တိုင်း ပျက်စီးခဲ့ရပါတယ်လို့ ကုလစာရင်းဇယားတွေအရ သိရပါတယ်။ သေဆုံးသူအများစုဟာ အမျိုးသမီးနဲ့ကလေးတွေပဲဖြစ်ပါတယ်။

### အခက်အခဲများစွာနဲ့ရုန်းကန်နေရဆဲ

ဟီရတ်ပြည်နယ် အနီးတစ်ဝိုက်မှာ ပျက်စီးဆုံးရှုံးမှုတွေက ထင်ထားတာထက် ပိုပြီးဆိုးရွားပါတယ်။ ကျေးရွာတွေလည်း မြေစာပုံအဖြစ် ပြောင်းသွားတယ်။ ကျောင်းခြောက်ကျောင်းလည်း ပျက်စီးသွားတယ်။ ကလေးစောင့်ရှောက်ရေးစင်တာ သုံးခု၊ ရပ်ရွာအခြေပြု စာသင်ခန်းနှစ်ခုလည်း ပျက်စီးသွားပါတယ်လို့ အာဖဂန်လခြမ်းနီအဖွဲ့က အတည်ပြုပြောခဲ့ပါတယ်။

အခုဆိုရင်တော့ အပျက်အစီးတွေ၊ အသုဘအခမ်းအနားတွေအပြင် ဖုန်ထူထပ်တဲ့ တောင်ကုန်းတွေနဲ့ ကျေးရွာအနည်းငယ်သာ ကျန်ပါတော့တယ်။ အသက်ရှင်ကျန်ရစ်ခဲ့တဲ့သူတွေအဖို့မှာလည်း ဆုံးရှုံးသွားတဲ့ မိသားစုဝင်တွေအတွက် ဝမ်းနည်းလွမ်းဆွတ်ရခြင်းအပြင် နေထိုင်စရာအခက်အခဲ၊ အခြားသောအခက်အခဲများစွာနဲ့ ရုန်းကန်ရင်ဆိုင်နေရဆဲပါပဲ။

**ကိုးကား - သည်ဂါးဒီးယန်း၊ ဆင်ဟွာ**

- ❖ **ငလျင်ဘေးကနေ အသက်ရှင်ကျန်ရစ်သူတွေအတွက် နောက်ထပ်အခက်အခဲကတော့ ရာသီဥတုက တဖြည်းဖြည်းနဲ့ အေးလာပြီဖြစ်ပေမယ့်လည်း ဟင်းလင်းပြင်ကြီးမှာ နေထိုင်နေရတုန်းပါပဲ။ အေးခဲလှတဲ့ဆောင်းတွင်းကလည်း တဖြည်းဖြည်းနီးကပ်လို့လာနေပါပြီ။ နှင်းမကျခင် မိသားစုတိုင်းမိသားစုတိုင်း ခိုလှုံရာနေရာတွေ လိုအပ်လာပါပြီ**
- ❖ **"အမေရိကန်ပြည်ထောင်စုဟာ အာဖဂန်ပိုင်ဆိုင်တဲ့ငွေကြေးတွေကို ထုတ်ယူခွင့်မရအောင် ပိတ်ဆို့ထားတယ်၊ အဲဒီအတွက်ကြောင့်ပဲ နဂိုကတည်းကမှ ထိခိုက်မှုတွေများနေတဲ့ နိုင်ငံအပေါ် နောက်ထပ်ဒုက္ခတွေ ပိုပိုပြီးတိုးလာစေပါတယ်" လို့ ဒါဝုဒ်က ပြောပါတယ်**

# တစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရေးအတွက် သင်ကြားပေးနေသည့်

# ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း (မိတ္ထီလာမြို့)

တွေ့ဆုံမေးမြန်း-မျိုးမင်း(သာစည်)၊ ဓာတ်ပုံ-သိန်းမြင့်ကျော်(မိတ္ထီလာ)



စက်ရက်ကန်း စက်မောင်း၊ စက်ပြင်သင်တန်း ဖွင့်လှစ်သင်ကြားပေးနေစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး၊ တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME လုပ်ငန်းများကို အားပေးပြီး ပို့ကုန်ကဏ္ဍကိုမြှင့်တင်ရေး ကြိုးစားဆောင်ရွက်လျက်ရှိရာ မိတ္ထီလာမြို့ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းအနေဖြင့် ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး၊ လူမှုစီးပွားဘဝမြင့်မားရေးနှင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် အသက်မွေးပညာဘာသာရပ်များ သင်ကြားပေးလျက်ရှိသည်။ အဆိုပါသင်တန်းများနှင့် ပတ်သက်၍ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း (မိတ္ထီလာမြို့)မှ ကျောင်းအုပ် ဒေါ်ခင်စန်းတင်နှင့် တွေ့ဆုံမေးမြန်းထားမှုကို တင်ပြလိုက်ပါသည်။

**မေး ။ ။ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းမှာ ဘယ်လိုသင်တန်းတွေကို အဓိကသင်ကြားပေးပါသလဲ။**

ဖြေ ။ ။ အဓိက သင်ကြားပေးလျက်ရှိတဲ့ သင်တန်းတွေကတော့ ချည်မျှင်နှင့် အထည်အလိပ်ကျွမ်းကျင်သူသင်တန်း၊ လက်ရက်ကန်းသင်တန်း ဖြစ်ပါတယ်။

**မေး ။ ။ ရက်ကန်းပညာရပ်မှာ ဘယ်လိုဘာသာရပ်တွေကိုစာတွေ့၊လက်တွေ့သင်ကြားပေးပါသလဲ။**

ဖြေ ။ ။ ဝါမှအထည်ဖြစ်သည်အထိ လုပ်ဆောင်မှုအဆင့်ဆင့် (လက်ချည်မျှင်ဆွဲ/စက်ချည်မျှင်ဆွဲ)၊ အမျှင်အမျိုးမျိုးအကြောင်း၊ သဘာဝဆိုးဆေး၊ ဓာတုဆိုးဆေးများ၊ ဒီဇိုင်း၊ စက်ရက်ကန်း၊ လက်ရက်ကန်း၊ တိုင်းရင်းသားရိုးရာဂျပ်ခုတ်စတဲ့ ဘာသာရပ်တွေကို စာတွေ့ ၃၀ ရာခိုင်နှုန်း၊ လက်တွေ့ ၇၀ ရာခိုင်နှုန်းပြည့်မီအောင် သင်ကြားပို့ချပေးပါတယ်။ စက်ရက်ကန်းစင်၊ လက်ရက်ကန်းစင်တွေကို အဓိကအသုံးပြုပြီး အခြားလိုအပ်တဲ့ ချည်၊ ဆိုးဆေး၊ လွန်း၊ ရက်ကန်းနဲ့ဆိုင်တဲ့ လက်သုံးကိရိယာအမျိုးမျိုးစတဲ့ သင်ထောက်ကူပစ္စည်းတွေကို အသုံးပြုပြီး သင်ကြားပို့ချပေးနေပါတယ်။

**မေး ။ ။ သင်တန်းသားအရည်အချင်း သတ်မှတ်ချက်နဲ့ ဘယ်ဒေသတွေကနေ သင်တန်းလာတက်ကြပါသလဲခင်ဗျ။**

ဖြေ ။ ။ ချည်မျှင်နှင့်အထည်အလိပ် ကျွမ်းကျင်သူ သင်တန်းအတွက် အခြေခံပညာအလယ်တန်းအဆင့် အောင်မြင်ပြီးသူတွေ၊ လက်ရက်ကန်းသင်တန်းအတွက် အခြေခံပညာမူလတန်းအဆင့် အောင်မြင်ပြီးသူတွေနဲ့ အသက် ၁၈ နှစ်မှ ၂၅ နှစ်အတွင်းရှိသူတွေကို လက်ခံသင်ကြားပေးတာဖြစ်ပါတယ်။ မိတ္ထီလာမြို့ပေါ်မှာရှိတဲ့ ရပ်ကွက်တွေ၊ မိတ္ထီလာမြို့နယ်အတွင်းမှာရှိတဲ့ ကျေးရွာတွေနဲ့ မိတ္ထီလာမြို့နဲ့ အနီးတစ်ဝိုက်မှာရှိတဲ့ မြို့နယ်တွေကနေ လာရောက်ပညာသင်ယူကြပါတယ်။

**မေး ။ ။ ရက်ကန်းပညာရပ်ဆိုင်ရာ သင်တန်းတွေကို ဘယ်လိုရည်ရွယ်ချက်တွေနဲ့ ဖွင့်လှစ်နေပါသလဲ။**

ဖြေ ။ ။ ရည်ရွယ်ချက်တွေကတော့ မြန်မာ့ရိုးရာရက်ကန်းပညာရပ်များမတိမ်ကော၊ မပပျောက်စေရန်အတွက် ထိန်းသိမ်းစောင့်ရှောက်ရန်၊ ရက်ကန်းဆိုင်ရာပညာရပ်များ စနစ်တကျပြန့်ပွားစေရန်၊ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိစေရန်၊ အလုပ်အကိုင်အခွင့်အလမ်းရရှိစေခြင်းဖြင့် တစ်ဦးချင်းဝင်ငွေ၊ မိသားစုဝင်ငွေ ရရှိစေရန်၊ တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းများ ပေါ်ထွက်လာစေရန်၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် ဖြစ်ပါတယ်။

**မေး ။ ။ သင်တန်းကာလ ဘယ်လောက်သတ်မှတ်ပြီး သင်တန်းသားဦးရေ ဘယ်နှဦးအထိ ခွင့်ပြုထားပါသလဲ။**

ဖြေ ။ ။ ချည်မျှင်နှင့်အထည်အလိပ် ကျွမ်းကျင်သူ သင်တန်းကတော့ သင်တန်းကာလ တစ်နှစ်ဖြစ်ပြီး ခွင့်ပြုသင်တန်းသားဦးရေကတော့ ၂၀ ဖြစ်ပါတယ်။ လက်ရက်ကန်းသင်တန်းကတော့ သင်တန်းကာလ ခြောက်လဖြစ်ပြီး ခွင့်ပြုသင်တန်းသားဦးရေ ၁၀ ဦး ဖြစ်ပါတယ်။

**မေး ။ ။ သင်တန်းတက်ရောက်ပြီးသူတွေ အလုပ်အကိုင်အခွင့်အလမ်း ရရှိအောင် ဘယ်လို ကူညီဆောင်ရွက်ပေးပါသလဲ။**

ဖြေ ။ ။ ရက်ကန်းနဲ့ ဆက်စပ်အဖွဲ့အစည်းတွေနဲ့ ချိတ်ဆက်ပြီး အလုပ်အကိုင်ရရှိစေဖို့ အပ်နှံပေးပါတယ်။ နိုင်ငံတော်ပိုင်၊ ပုဂ္ဂလိကပိုင် စက်ရုံအလုပ်ရုံတွေမှာ ဝင်ရောက်လုပ်ကိုင်နိုင်သလို ဌာနမှာ သင့်လျော်တဲ့ နေရာလပ်တွေရှိတဲ့အခါမှာလည်း ဝင်ရောက်လုပ်ကိုင်နိုင်အောင် ကူညီပေးပါတယ်။

**မေး ။ ။ သင်တန်းကြေးနဲ့ သင်တန်းအတွက် လိုအပ်တဲ့ ကုန်ကြမ်းပစ္စည်းတွေကို ဘယ်လိုဆောင်ရွက်ပေးပါသလဲ။**

ဖြေ ။ ။ ရက်ကန်းနှင့်အသက်မွေးပညာသင်တန်းကျောင်းမှ ဖွင့်လှစ်တဲ့ သင်တန်းအားလုံး သင်တန်းကြေးအခမဲ့ဖြစ်ပြီး လိုအပ်တဲ့ ကုန်ကြမ်းပစ္စည်းတွေကို နိုင်ငံတော်မှ ကျခံသုံးစွဲတာဖြစ်ပါတယ်။ သင်တန်းသူသင်တန်းသားများ စိတ်အေးချမ်းသာစွာ ပညာသင်ယူနိုင်ဖို့ စားရိပ်သာမှာ ထမင်းချက်ဝန်ထမ်းတစ်ဦး၊ တာဝန်ကျဆရာ ဆရာမ တစ်ဦးနဲ့ သင်တန်းသား သင်တန်းသူလေးဦးစီပါဝင်တဲ့ အဖွဲ့ဖွဲ့ထားပြီး စားသောက်ရေးအဆင်ပြေစေဖို့ အခမဲ့စီစဉ်ဆောင်ရွက်ပေးထားပါတယ်။ နေထိုင်ဖို့အတွက်တော့ ရေ၊ မီး၊ ခုတင်၊ မွေ့ရာ၊ အိပ်ရာ၊ စာကြည့်စားပွဲ၊ သေတ္တာ၊ WiFi အပြည့်အစုံနဲ့ အဆောင်မှာ အခမဲ့နေထိုင်ခွင့်ပြုထားပါတယ်။

**မေး ။ ။ သင်တန်းတက်ရောက်ပြီး တစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်လိုရင် ဘယ်လိုကူညီပေးပါသလဲ။**

ဖြေ ။ ။ တစ်နိုင်တစ်ပိုင် လုပ်ငန်းထူထောင်နိုင်ဖို့ လုပ်ငန်းသုံးပစ္စည်းတွေ၊ လက်သုံးကိရိယာတွေကို အခါအားလျော်စွာ ထောက်ပံ့ပေးပါတယ်။ လိုအပ်တဲ့ အရင်းအနှီး၊ ပစ္စည်းကိရိယာတွေရရှိအောင်လည်း ဌာန၊ အဖွဲ့အစည်းတွေနဲ့ ချိတ်ဆက်ဆောင်ရွက်ပေးပါတယ်။ စဉ်ဆက်မပြတ် လုပ်ငန်းလုပ်ကိုင်နိုင်ဖို့အတွက် ဈေးကွက်ချိတ်ဆက်ပေးပါတယ်။ ဈေးကွက်ချိတ်ဆက်ပေးတယ်ဆိုတဲ့ နေရာမှာ ဌာနက ကျင်းပပြုလုပ်တဲ့ အသေးစားထုတ်ကုန်ပစ္စည်း ပြပွဲပြိုင်ပွဲတွေမှာ ပါဝင်ပြသရောင်းချခွင့်ပြုပါတယ်။ ဆက်စပ်ဌာနအဖွဲ့အစည်းတွေရဲ့ ပြပွဲပြိုင်ပွဲတွေ ကျင်းပရာမှာလည်း ပါဝင်ပြသရောင်းချနိုင်ဖို့ ချိတ်ဆက်ဆောင်ရွက်ပေးပါတယ်။ Super Market/Sale Center တွေမှာ ရောင်းချနိုင်ဖို့ တာဝန်ခံတွေနဲ့ အစည်းအဝေးတွေ၊ ဆွေးနွေးညှိနှိုင်းမှုတွေ ပြုလုပ်ပေးပါတယ်။ ထုတ်ကုန်ပစ္စည်းတွေကို တရားဝင်ရောင်းချနိုင်ဖို့ ဌာနအနေနဲ့ အရည်အသွေးစစ်ဆေးပြီးတော့ မှတ်ပုံတင်တွေ ပြုလုပ်ပေးပါတယ်။

**မေး ။ ။ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းအနေနဲ့ အသေးစားထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးနဲ့ ကျေးလက်နေမိသားစုများ ဝင်ငွေတိုးရေး ဆောင်ရွက်ချက်များရှိရင် ပြောပြပေးစေလိုပါတယ်။**

ဖြေ ။ ။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်ကစပြီးတော့ ဌာနအနေနဲ့ အသေးစားထုတ်ကုန်တွေ ဖန်တီးပေးနိုင်ရေးနဲ့ ကျေးလက်နေမိသားစုတွေ ဝင်ငွေတိုးရေးစီမံကိန်းကို နေပြည်တော် ပြည်ထောင်စုနယ်မြေအပါအဝင် တိုင်းဒေသကြီးနဲ့ ပြည်နယ်အားလုံးမှာရှိတဲ့ ကျေးရွာပေါင်း ၁၅၅ ရွာမှာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ စီမံကိန်းအမျိုးအစားအနေနဲ့ ခုနစ်မျိုးရှိပါတယ်။ (၁)ဒေသတစ်ခု ထုတ်ကုန်တစ်ခု (One Region One Product) ဆောင်ရွက်မည့်လုပ်ငန်း၊ (၂) ခေတ်မီစံပြကျေးရွာ ဖော်ဆောင်၍ ကျေးလက်နေပြည်သူများ ဝင်ငွေတိုးရေး ဆောင်ရွက်မည့်လုပ်ငန်း၊ (၃) လူငယ်များ အလုပ်အကိုင်ဖန်တီးပေးနိုင်ရေး ဆောင်ရွက်မည့်လုပ်ငန်း၊ (၄)အသေးစား အငယ်စား စီးပွားရေးလုပ်ငန်းများ ပေါ်ထွန်းလာစေရေး ဆောင်ရွက်မည့်လုပ်ငန်း၊ (၅)အမျိုးသမီးများ ဝင်ငွေတိုးတက်ရေး ဆောင်ရွက်မည့်လုပ်ငန်း၊ (၆) ဘေးဒဏ်သင့်ပြည်သူများအတွက် စီးပွားရေးလုပ်ငန်းများ ပြန်လည်ထူထောင်ပေးရေး ဆောင်ရွက်မည့်လုပ်ငန်း၊ (၇)ဘိန်းစိုက်ပျိုးသည့် မြို့နယ်များတွင် အစားထိုး အသေးစားကုန်ထုတ်လုပ်ငန်းများဖွံ့ဖြိုးရေး ဆောင်ရွက်မည့်လုပ်ငန်းတို့ ဖြစ်ပါတယ်။ မိတ္ထီလာမြို့ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းအနေနဲ့ ဒေသခံပြည်သူတွေ လူမှုစီးပွားဘဝမြင့်မားစေဖို့နဲ့ အလုပ်အကိုင်အခွင့်အလမ်းတွေရရှိစေဖို့ တစ်ဖက်တစ်လမ်းမှ ကြိုးစားဆောင်ရွက်လျက်ရှိပါတယ်။

❖ ❖ ❖



လက်ရက်ကန်းသင်တန်း ဖွင့်လှစ်သင်ကြားပေးစဉ်။



သဘာဝဆိုးဆေးပြုလုပ်နည်းသင်တန်း ဖွင့်လှစ်သင်ကြားပေးစဉ်။



လက်ချည်မျှင်ဆွဲသင်တန်း ဖွင့်လှစ်သင်ကြားပေးစဉ်။

# လူဦးရေတစ်သန်းခန့် ဓာတ်အားတိုးတက်သုံးစွဲစေနိုင်မည့် သူငွေ့ချောင်း ရေအားလျှပ်စစ်စီမံကိန်း

လင်းသစ်

**ဒွါရာဝတီ ခေါ် သံတွဲမြို့ကို ရခိုင်ရိုးမတောင်စွယ် တောင်တန်းများက ဝိုင်းပတ်ကာရံထားသည်။ မြို့ကိုဝန်းရံထားသည့် ရိုးမတောင်စွယ်တောင်တန်းများပေါ်မှ စီးဆင်းလာသော ချောင်း မြောင်းများကလည်း မြို့အနီးမှ ဖြတ်သန်းစီးဆင်းလျက်ရှိသည်။ မြို့၏အရှေ့မြောက်ဘက်မှ စီးဆင်းနေသော သူငွေ့ချောင်းရေကို အသုံးပြု၍ ပြည်နယ်အတွက် နိုင်ငံအတွက် လိုအပ်သော လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးနိုင်ရန် သူငွေ့ချောင်းရေအားလျှပ်စစ်စီမံကိန်းကို ဆောင်ရွက်လျက်ရှိသည်။**



အမှတ်(၄) တည်ဆောက်ရေး သူငွေ့ရေအားလျှပ်စစ်စီမံကိန်း ဆွစ်ယာဒ်လုပ်ငန်း၏ Protection Rock လုပ်ငန်းဆောင်ရွက်နေစဉ်။

ထိုသို့ ဖော်ဆောင်လျက်ရှိသည့် သူငွေ့ချောင်း ရေအားလျှပ်စစ်စီမံကိန်းပြီးစီးပါက ဓာတ်အားပေးစက်ရုံမှ နှစ်စဉ်လျှပ်စစ်ဓာတ်အား ၃၈၆ ကီလိုဝပ် နာရီသန်းကို မဟာဓာတ်အားစနစ်ဖြင့် ချိတ်ဆက်၍ နိုင်ငံအတွင်း ဖြန့်ဖြူးပေးသွားနိုင်မည်ဖြစ်သည်။ ထုတ်လုပ်ဖြန့်ဖြူးမည့် လျှပ်စစ်ဓာတ်အားသည် နိုင်ငံအတွင်းရှိ လူဦးရေတစ်သန်းခန့်ကို လျှပ်စစ်ဓာတ်အားတိုးတက်သုံးစွဲစေနိုင်မည် ဖြစ်သည်။

"ကျွန်တော်တို့ ဒေသဟာ ပင်လယ်နဲ့နီးတယ်။ တောတောင်တွေ ပေါတယ်။ မြစ်ချောင်းတွေရှိတယ်။ အခုတော့ သူငွေ့ချောင်းကနေ ရေအားလျှပ်စစ် စီမံကိန်းဆောင်ရွက်နေတဲ့အတွက် ဒီကနေ ဓာတ်အားတိုးတက်မှုရရှိမယ်။ ဒီလိုဆောင်ရွက်တဲ့ အခါမှာလည်း မပျက်စီးစေချင်ဘူး။ ဒီအတွက်ကို လည်း သက်ဆိုင်ရာ ဌာနတွေက စီမံဆောင်ရွက်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ နိုင်ငံအတွက် လိုအပ်တဲ့ လျှပ်စစ်ဓာတ်အားကို ကိုယ့်ဒေသကနေ ရရှိမှာဖြစ်တဲ့အတွက် ဒေသခံတစ်ဦးအနေနဲ့ ဝမ်းသာပါတယ်။ မြန်မြန်လည်း ရချင်ပါတယ်" ဟု သံတွဲမြို့နယ် ပုရစ်ကျေးရွာတွင် နေထိုင်သည့် ဦးအောင်ခင်သိန်းက ပြောသည်။

လက်ရှိ အကောင်အထည်ဖော် ဆောင်ရွက်နေသော သူငွေ့ချောင်းရေအားလျှပ်စစ် စီမံကိန်းသည် ရခိုင်ပြည်နယ် (တောင်ပိုင်း) သံတွဲခရိုင် သံတွဲမြို့၏ အရှေ့မြောက်ဘက် ၁၂ မိုင်ခန့်အကွာ သူငွေ့ ချောင်းပေါ်တွင်တည်ရှိပြီး လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ရေအားလျှပ်စစ် အကောင်အထည် ဖော်ရေးဦးစီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

သူငွေ့ချောင်းရေအား လျှပ်စစ်စီမံကိန်းကို ၃၇ မဂ္ဂါဝပ်ရှိ ဓာတ်အားပေးစက်သုံးလုံးဖြင့် လည်ပတ်ကာ စုစုပေါင်းတပ်ဆင်စက်အင်အား ၁၁၁ မဂ္ဂါဝပ် ရှိမည် ဖြစ်သည်။

"စီမံကိန်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုက ၂၀၂၃ ခုနှစ် ဇူလိုင်လကုန်အထိဆိုရင် စီမံကိန်းလုပ်ငန်း တစ်ခုလုံးရဲ့ ၇၇ ဒသမ ၉ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ပါတယ်။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်မှာ စီမံကိန်း ရာခိုင်နှုန်းပြည့် ပြီးစီးပြီးတော့ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ဖို့ ကျွန်တော်တို့ ဌာနအနေနဲ့ ကြိုးပမ်းဖော်ဆောင်လျက်ရှိပါတယ်" ဟု လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမြသူရက ပြောသည်။

**ဂျပန်အင်ဂျင်နီယာများနှင့် ပူးပေါင်း**

ရိုးမပေါ်မှ အစပြုပြီး ပင်လယ်ဝအထိ မိုင် ၇၀ ခန့်ရှည်လျားစွာ စီးဆင်းနေသော သူငွေ့ချောင်းပေါ်တွင် ရေအားလျှပ်စစ်စီမံကိန်းတစ်ခု တည်ဆောက်နိုင်ရန်အတွက် ၂၀၀၃-၂၀၀၄ ခုနှစ်ခန့်က ဂျပန်နိုင်ငံအခြေစိုက် The Kansai အတိုင်ပင်ခံအင်ဂျင်နီယာအဖွဲ့နှင့် ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာနမှ အင်ဂျင်နီယာများနှင့်ပူးပေါင်းကာ ကနဦးစူးစမ်းလေ့လာမှုများ ပြုလုပ်ခဲ့ကြခြင်းဖြစ်သည်။

ထိုသို့ လေ့လာမှုပြုလုပ်ပြီး ဂျပန်နိုင်ငံအခြေစိုက် The Kansai အတိုင်ပင်ခံ အင်ဂျင်နီယာအဖွဲ့နှင့် ဌာနမှ အင်ဂျင်နီယာများသည် အသေးစိတ်ဒီဇိုင်း ပုံစံများရေးဆွဲခဲ့ကြကာ အကြိုတည်ဆောက်မှု လုပ်ငန်းများကို ၂၀၀၈-၂၀၀၉ ဘဏ္ဍာနှစ်မှ စတင်ဆောင်ရွက်ခဲ့ကြကြောင်း ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာနမှ သိရသည်။

"စီမံကိန်းစတဲ့ အကြိုလုပ်ငန်းတွေမှာတော့ ဂျပန်ပညာရှင်တွေ ပူးပေါင်းလုပ်ဆောင်ခဲ့တာတွေ ရှိပါတယ်။ ရေလွှဲဥမင်လိုဏ်နှင့် စိမ့်ရေတားနံရံ ဒီဇိုင်းရေးဆွဲတာအထိ ပူးပေါင်းလုပ်ခဲ့တယ်။ အခုကတော့ နည်းပညာဆိုင်ရာ၊ ဒီဇိုင်းပိုင်းဆိုင်ရာရေး ဆွဲတာနဲ့ တည်ဆောက်မှုလုပ်ငန်းတွေ အားလုံးကို နိုင်ငံ့ဝန်ထမ်း အင်ဂျင်နီယာတွေနဲ့သာ ဆောင်ရွက်နေပါတယ်" ဟု သူငွေ့ရေအားလျှပ်စစ် စီမံကိန်း တာဝန်ခံညွှန်ကြားရေးမှူး ဦးအောင်နိုင်ထွန်းက ပြောသည်။

**ဝန်ထမ်းများက အားစိုက်ဆောင်ရွက်**

သူငွေ့ချောင်းပေါ်တွင် တမံတည်ဆောက်ခြင်း၊ ဝဲဘက်ကမ်း၊ ယာဘက်ကမ်းအသီးသီးတွင် ရေယူအဆောက်အအုံ၊ ရေပိုလွှဲနှင့် ဓာတ်အားပေးစက်ရုံ စသည့် စီမံကိန်းလုပ်ငန်းများကို နှစ်အလိုက် လုပ်ငန်းလျာထားချက်နှင့်အညီပြီးစီးရန် ရေအား လျှပ်စစ်အကောင်အထည်ဖော်ရေး ဦးစီးဌာနမှ ဝန်ထမ်းများက နှစ်စဉ်ပွင့်လင်းရာသီ ခြောက်လခန့် အတွင်း အားစိုက်ဆောင်ရွက်ကြရကြောင်း သိရှိရသည်။

**✳ သူငွေ့ချောင်း၏ မြစ်ပို့ချလွှာသည် ပေ ၁၅၀ ခန့်အထိ ထူထဲရာ အောက်ခံကျောက်သားအမာအထိ ဖယ်ရှား၍ တမံတည်ဆောက်ပါက ငွေကြေးနှင့် အချိန်များစွာ ကုန်ဆုံးနိုင်သည့်အတွက် ရေတားတမံ၏ အောက်တွင် ခေတ်မီနည်းပညာဖြင့် စိမ့်ရေတားနံရံကို ပလတ်စတစ် ကွန်ကရစ်ဖြင့် အနက် ၁၅၃ ပေ အထိ တည်ဆောက်ခဲ့ရကြောင်း သိရသည်**

"စီမံကိန်း တည်ဆောက်ရေးလုပ်ငန်းတွေ ဆောင်ရွက်တဲ့နေရာမှာ ရခိုင်ပြည်နယ်က မိုးရွာသွန်းမှုများတယ်။ ဒီတော့ ဒေသရာသီဥတုအခြေအနေကိုလည်း ကြည့်ရတယ်။ ပြီးတော့ အောက်ခံမြေကြီးကျောက်သားနဲ့ မြေမျက်နှာသွင်ပြင်အနေအထားကိုလည်းကြည့်ရတယ်။ တည်ဆောက်ရေးပိုင်းမှာ နိုင်ငံ့ဘဏ္ဍာရန်ပုံငွေနဲ့ ဆောင်ရွက်ရတာဖြစ်တဲ့အတွက် သေသေချာချာစဉ်းစားပြီးမှ ပူးပေါင်းဆောင်ရွက်ပြီး စိန်ခေါ်မှုတွေကို ရင်ဆိုင်ကျော်လွှားသွားရတဲ့ လုပ်ငန်းအပိုင်းတွေ ရှိပါတယ်" ဟု သူငွေ့ချောင်းရေအားလျှပ်စစ်စီမံကိန်း တာဝန်ခံညွှန်ကြားရေးမှူးက ပြောသည်။

**ခေတ်မီနည်းပညာများဖြင့် တည်ဆောက်**

သူငွေ့ချောင်း၏ မြစ်ပို့ချလွှာသည် ပေ ၁၅၀ ခန့်အထိ ထူထဲရာ အောက်ခံကျောက်သားအမာအထိ ဖယ်ရှား၍ တမံတည်ဆောက်ပါက ငွေကြေးနှင့် အချိန်များစွာ ကုန်ဆုံးနိုင်သည့်အတွက် ရေတားတမံ၏အောက်တွင် ခေတ်မီနည်းပညာဖြင့် စိမ့်ရေတားနံရံကို ပလတ်စတစ်ကွန်ကရစ်ဖြင့် အနက် ၁၅၃ ပေ အထိ တည်ဆောက်ခဲ့ရကြောင်း သိရသည်။

စီမံကိန်းအကောင်အထည်ဖော် တည်ဆောက်ရာတွင် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းနှင့် ရေအားအဆောက်အအုံများ တည်ဆောက်ခြင်းလုပ်ငန်းဟူ၍ လုပ်ငန်းအပိုင်းနှစ်ပိုင်းရှိပြီး စီမံကိန်းချဉ်းကပ်လမ်းဖောက်လုပ်ခြင်း၊ စီမံကိန်းစခန်း တည်ဆောက်ခြင်း၊ ရေ၊ မီးရရှိရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် စူးစမ်းလေ့လာတိုင်းတာခြင်းများသည် ကြိုတင်ပြင်ဆင်ခြင်း လုပ်ငန်းများတွင် ပါဝင်ကြောင်း၊ စိမ့်ရေတားနံရံ၊ ရေလွှဲဥမင်လိုဏ်၊ ရေယူအဆောက်အအုံ၊ ပင်မတမံ၊ ရေပိုလွှဲ၊ အကူရေပိုလွှဲ၊ ရေထိန်းတံခါးပွင့်၊ ဖိအားမြင့်သံမဏိပိုက်လိုင်း၊ ဆွစ်ယာ့ဒ်နှင့် ဓာတ်အားပေးစက်ရုံ စသည်တို့သည် ရေအားအဆောက်အအုံများ တည်ဆောက်ခြင်းလုပ်ငန်းတွင် ပါဝင်ကြောင်း သိရသည်။

ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေး ဦးစီးဌာနသည် စိမ့်ရေတားနံရံ၊ ရေလွှဲဥမင်လိုဏ်နှင့် ရေယူအဆောက်အအုံလုပ်ငန်းများကို ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ ယခုအခါ စီမံကိန်းလုပ်ငန်းဆောင်ရွက်မည့် အစီအစဉ်အရ ပင်မတမံ၊ ရေပိုလွှဲ၊ ဓာတ်အားပေးစက်ရုံ၊ အကူရေပိုလွှဲနှင့် ရေလွှဲဥမင်လိုဏ်အထွက်မြောင်း တည်ဆောက်ခြင်း လုပ်ငန်းများကို ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန နိုင်ငံ့ဝန်ထမ်း အင်ဂျင်နီယာ ပညာရှင်များက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မူလထက် သာလွန်ကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်**

ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေး ဦးစီးဌာနအနေဖြင့် စီမံကိန်းအကောင်အထည်ဖော် တည်ဆောက်ရာတွင် ရေဝပ်ဧရိယာအတွင်း ကျရောက်သော ကျေးရွာများအတွက် လူမှုစီးပွား ဘဝအခြေအနေများ မူလထက် သာလွန်ကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ထိုသို့ ဆောင်ရွက်ရာတွင် ရေဝပ်ဧရိယာအတွင်း ကျရောက်သည့် ပုရစ်၊ မယ်ဝနှင့် ရေကောက် ကျေးရွာသုံးရွာမှ စုစုပေါင်းအိမ်ထောင်စု ၅၀၀ ခန့်ကို ၎င်းတို့ကိုယ်တိုင် ပူးပေါင်းပါဝင်ရွေးချယ်ထားသည့် နေရာသစ်သို့ ရွှေ့ပြောင်းပေးခဲ့ပြီးဖြစ်သည်။

ထို့အတူ ဘာသာရေးအဆောက်အအုံနှင့် လူမှုရေးအဆောက်အအုံများကိုလည်း ရခိုင်ရိုးရာ ဒေသဓလေ့၊ ဘာသာရေးထုံးတမ်း၊ စံပြကျေးရွာ အင်္ဂါရပ်များ ပြည့်စုံစွာဖြင့် ကျေးရွာသူ ကျေးရွာသားများ၏ ဆန္ဒနှင့်အညီ ဆောက်လုပ်ပေးခဲ့ကြောင်း သိရသည်။ အလားတူပင် ဘုန်းတော်ကြီးကျောင်း၊ စေတီ၊ သိမ်၊ စာသင်ကျောင်း၊ ဒေသန္တရဆေးပေးခန်း၊ လူထုတွေ့ဆုံခန်းမ၊ ကျေးရွာစာကြည့်တိုက်၊ အုပ်ချုပ်ရေးမှူးရုံး စသည်တို့ကို မူလအခြေအနေ ထက်ပိုမိုသာလွန်ကောင်းမွန်အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**အစောဆုံးတည်ဆောက်ပြီးစီးမည့် စီမံကိန်းတစ်ခု**

ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေး ဦးစီးဌာနသည် ရေအားမှ လျှပ်စစ်ဓာတ်အား ထုတ်ယူနိုင်ရေးအတွက် ဖြစ်မြောက်နိုင်စွမ်း လေ့လာခြင်း၊ စီမံကိန်းအသစ်များ စူးစမ်းလေ့လာခြင်း၊ အသေးစိတ်တိုင်းတာမှု စိစစ်တင်ပြခြင်း၊ စီမံကိန်းအကောင်အထည်ဖော် တည်ဆောက်ခြင်း တို့ကို အဓိကတာဝန်ယူ ဆောင်ရွက်လျက်ရှိပြီး တည်ဆောက်ဆဲ စီမံကိန်းများအနက် သူငွေ့ချောင်း ရေအားလျှပ်စစ်စီမံကိန်းသည် အစောဆုံး တည်ဆောက်ပြီးစီးမည့် စီမံကိန်းတစ်ခုဖြစ်သည်။

ရှမ်းပြည်နယ် (မြောက်ပိုင်း) ဒုဋ္ဌဝတီမြစ်ပေါ်ရှိ အထက်ရဲရွာစီမံကိန်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်တိန်ချောင်းပေါ်ရှိအထက်ကျိုင်းတောင်းစီမံကိန်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) ရွှေလီမြစ်ပေါ်ရှိ ရွှေလီ (၃) စီမံကိန်း၊ နေပြည်တော် ပြည်ထောင်စုနယ်မြေ ပေါင်းလောင်းမြစ်ပေါ်ရှိ အလယ်ပေါင်းလောင်းစီမံကိန်းတို့သည်လည်း ဆောင်ရွက်ဆဲစီမံကိန်းများ ဖြစ်သည်။

အချုပ်အားဖြင့်ဆိုလျှင် သူငွေ့ချောင်းရေအား လျှပ်စစ်စီမံကိန်းပြီးစီးပါက ဓာတ်အားပေးစက်ရုံမှ နှစ်စဉ်လျှပ်စစ်ဓာတ်အား ၃၈၆ ကီလိုဝပ် နာရီသန်း ကို မဟာဓာတ်အားစနစ်ဖြင့် ချိတ်ဆက်ကာ နိုင်ငံအတွင်းရှိ လူဦးရေတစ်သန်းခန့်ကို လျှပ်စစ်ဓာတ်အား တိုးတက်သုံးစွဲစေနိုင်ကာ ပြည်သူများ သုံးစွဲရန် လိုအပ်သည့် လျှပ်စစ်ဓာတ်အားကို အထောက်အကူပြု ဖြည့်တင်းပေးနိုင်မည် ဖြစ်သည်။ သို့အတွက် သူငွေ့ချောင်းရေအားလျှပ်စစ်စီမံကိန်း ရာခိုင်နှုန်းပြည့် ပြီးစီးရန် ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာနအနေဖြင့် ကြိုးပမ်း ဖြည့်ဆည်းလျက်ရှိပါကြောင်း တင်ပြရေးသားလိုက်ရပါသည်။ ။

# မြင်းစီးရင်း ပုဂံမြေတစ်ခွင် လည်ကြမယ်



ယဉ်လာဒ်

- ကိုဗစ်ကြောင့် ခရီးသွားလုပ်ငန်း အများဆုံးထိခိုက်ခံစားခဲ့ကြရတဲ့ ပုဂံမှာ စိတ်ခံစားမှု ရသပေးနိုင်တဲ့ မြင်းစီးခြင်း အနုပညာကို မကြာခင် ပွင့်လင်းရာသီမှာ ပြန်လည်စတင်ဖို့ ကြိုးစားနေပါပြီလို့ Ayeindamar Tour ကုမ္ပဏီမှ တာဝန်ရှိသူက စာရေးသူကို ပြောပြပါတယ်
- ဟိုးအရင်တုန်းကတော့ မြင်းစီးခြင်းကို နိုင်ငံခြားသားတွေကိုသာ ဝန်ဆောင်မှု လုပ်ခဲ့ပေမယ့် ပြောင်းလဲလာတဲ့ ခေတ်ရေစီးကြောင်းအလိုက် စူးစမ်းချင်လာကြတဲ့ မြန်မာခရီးသွား ဧည့်သည်တွေကြောင့် ဝန်ဆောင်မှုတွေကို ထပ်မံပေးလာခဲ့တာ ဖြစ်ပါတယ်

### ခရီးသွားဧည့်သည်တွေ စိတ်ဝင်စားတဲ့ ရှေးဟောင်းမြို့တော်

ဘယ်အချိန် ဘယ်အခါမှာပဲ ကြည့်ကြည့် မြေသင်းရနံ့တွေ ထုံမွှမ်းနေတဲ့ ပုဂံမြေဟာ ယနေ့အချိန်ထိ ပြည်တွင်း ပြည်ပ ခရီးသွားဧည့်သည်တွေရဲ့ စိတ်ဝင်စားခြင်းကိုခံရတဲ့ ခရီးစဉ်ဒေသတစ်ခုဖြစ်ပါတယ်။ စေတီပေါင်း ၃၈၀၀ ကျော်ရှိပြီး ရှေးဟောင်းလက်ရာ စေတီပုထိုးများ တစ်စုတစ်ဝေးတည်း ရှိနေခြင်းကြောင့် ကမ္ဘာလှည့်ခရီးသည်တွေကို ဆွဲဆောင်နိုင်တဲ့ နေရာအဖြစ် ယနေ့ထိတိုင် ရှိနေတာဖြစ်ပါတယ်။ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်လည်းဖြစ်တဲ့ ပုဂံမြို့ဟာ ပြည်တွင်း/ပြည်ပ ခရီးသွားဧည့်သည်တွေ စိတ်ဝင်တစား လာရောက်လည်ပတ်နေကြတဲ့ ရှေးဟောင်းမြို့တော်တစ်ခု ဖြစ်ပါတယ်။

### မြန်မာတို့ရဲ့ အသည်းနှလုံး

ယဉ်ကျေးမှု သမိုင်းကြောင်းအရ ကြည့်မယ်ဆိုရင်လည်း ပုဂံဟာ မြန်မာတို့ရဲ့ အသည်းနှလုံးဖြစ်ပြီး ပုဂံခရီးစဉ်မှာ ယဉ်ကျေးမှုအမွေအနှစ်တွေ၊ ဗိသုကာလက်ရာတွေကို တွေ့မြင်ရတဲ့အပြင် အညာဒေသရဲ့ လူနေမှုစရိုက်တွေ၊ ယဉ်ကျေးမှုတွေကိုပါ လေ့လာနိုင်ပါသေးတယ်။ ပုဂံဒေသခံတွေဟာ ဆီကြိတ်လုပ်ငန်း၊ ထန်းလျက်လုပ်ငန်းတို့ကို အဓိက လုပ်ကိုင်ကြပါတယ်။ ပုဂံဒေသမှာ လက်ရှိတွင် တိမ်မြုပ်နေတဲ့ ခရီးစဉ်တွေလည်း ရှိပါတယ်။ ဝန်ကြီးဌာနက ခရီးစဉ်တွေကို ဖော်ဆောင်ထားရှိပေမယ့် လာရောက်လည်ပတ်ကြသူ နည်းလှပါသေးတယ်။

### ခရီးစဉ်ဖော်ဆောင်ထားတဲ့ နေရာများ

ခရီးစဉ်ဖော်ဆောင်ထားတဲ့ နေရာတွေကတော့ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေထဲမှာရှိတဲ့ ကျောက်မျက်မှော် ခရီးစဉ်၊ သက်စိုးတောင်ပေါ်ရှိတဲ့ ကျောက်ရေကန်ခရီးစဉ်၊ ဇီးအိုလှကျေးရွာမှ နှစ်ပေါင်း ၉၀၀ ကျော် သက်တမ်းရှိ မန်ကျည်းကိုးခွပင်နဲ့ အင်ကြင်းတော၊ ငါ့သရောက်မြို့မှာရှိတဲ့ စက်စက်ယိုကျေးရွာ၊ သဲပြင်တောကျေးရွာ ရုပ်စုံကျောင်း၊ ကျောက်ပန်းတောင်းမြို့နယ် လဲဂွ၊ လက်ပံအိုင့်ကျေးရွာတို့ရှိ ဂဲမိုးအိုင်ခရီးစဉ်နဲ့ ပုပ္ပားတောင်တက် ခရီးစဉ်တွေကို ဝန်ကြီးဌာနက ပုဂံခရီးစဉ်ဒေသတွေအဖြစ် ဖော်ဆောင်ထားရှိပါတယ်။

ပုဂံမြေကိုအမှီပြုပြီး လုပ်ကိုင်ကြတဲ့ စွန့်ဦးတီထွင် လုပ်ငန်းရှင်တချို့ကတော့ ပုဂံဒေသရဲ့ အလှတရားတွေကို ကြည့်ရှုနိုင်ဖို့ စိတ်ကူးစိတ်သန်းကောင်းများစွာနဲ့ ပုံဖော်လာပြီး ဧည့်သည်တွေကို ဆွဲဆောင်ဖို့ ပြန်လည်ကြိုးစားလာကြပါပြီ။

### လုပ်ငန်းရှင်များရဲ့ ခရီးစဉ်အစီအစဉ်များ

တစ်ချိန်တုန်းကတော့ လောကနန္ဒာ ဘုရားရှေ့ ရေလယ်ကျွန်း သဲသောင်ပြင်မှာ ပုဂံရဲ့ နေဝင်ဆည်းဆာအလှကို ကော့တေးသောက်ရင်းကြည့်ရှုနိုင်အောင် ဖန်တီးထားတဲ့ ဝန်ဆောင်မှုတွေ၊ ပုဂံဘုရားတွေကြားကနေ နေဝင်ဆည်းဆာကို ကြည့်ဖို့အတွက် မြင်းစီးရင်း ကြည့်နိုင်အောင် စီစဉ်ထားမှုတွေ၊ အမိုးဖွင့်ကားတွေနဲ့ လှည့်လည်ပြီး ကြည့်ရှုနိုင်အောင် ဖန်တီးထားတဲ့ အစီအစဉ်တွေ၊ မိုးပျံပူဖောင်းစီးပြီး ပုဂံအလှကို ကြည့်ရှုနိုင်တာတွေ၊ သုံးဘီးဆိုင်ကယ်(ဒေသအခေါ် တုတ်တုတ်)နဲ့ လှည့်လည်ကြည့်ရှုတဲ့ အစီအစဉ်တွေကို တီထွင်ဖန်တီးခဲ့ကြပေမယ့် ကိုဗစ်ကပ်ရောဂါဖြစ်ပွားပြီးနောက်မှာ ဧည့်သည်ဝင်ရောက်မှု ရပ်တန့်သွားခဲ့ပါတယ်။

### မြင်းစီးခြင်း အနုပညာ


ကိုဗစ်ကြောင့် ခရီးသွားလုပ်ငန်း အများဆုံးထိခိုက်ခံစားခဲ့ကြရတဲ့ ပုဂံမှာ စိတ်ခံစားမှု ရသပေးနိုင်တဲ့ မြင်းစီးခြင်း အနုပညာကို မကြာခင် ပွင့်လင်းရာသီမှာ ပြန်လည်စတင်ဖို့ ကြိုးစားနေပါပြီလို့ Ayeindamar Tour ကုမ္ပဏီမှ တာဝန်ရှိသူက စာရေးသူကို ပြောပြပါတယ်။


မြင်းစီးတာဟာ ကျန်းမာရေးလိုက်စားသူတွေအတွက် တကယ့်ကို ကောင်းမွန်တဲ့ အလေ့အကျင့်ကောင်းတစ်ခုဖြစ်ပါတယ်။ ဟိုးအရင်တုန်းကတော့ မြင်းစီးခြင်းကို နိုင်ငံခြားသားတွေကိုသာ ဝန်ဆောင်မှု လုပ်ခဲ့ပေမယ့် ပြောင်းလဲလာတဲ့ ခေတ်ရေစီးကြောင်းအလိုက် စူးစမ်းချင်လာကြတဲ့ မြန်မာခရီးသွား ဧည့်သည်တွေကြောင့် ဝန်ဆောင်မှုတွေကို ထပ်မံပေးလာခဲ့တာ ဖြစ်ပါတယ်။

"မြင်းစီးလမ်းကြောင်း အတိုအရှည် အပေါ် မူတည်ပြီး ဈေးနှုန်းအမျိုးမျိုးရှိပါတယ်။ မြင်းစီးပြီး ပုဂံမြေရဲ့ ဘုရားတွေကို လှည့်လည်ဖူးမြော်ရတာက တကယ့်ကို ကြည်နူးစရာကောင်းလှတာမို့ ဒီဇင်ဘာလောက်မှာ ပြန်ပြီးစတင်ဖို့ ကြိုးစားနေပါပြီ"လို့ Ayeindamar Tour နဲ့ Mo Riding မြင်းစီးကလပ် ပူးပေါင်းပြီး မြင်းစီးဝန်ဆောင်မှုကို ဖော်ဆောင်ပေးခဲ့တဲ့ ဒေါ်အေးသီတာမိုးက စာရေးသူကို ပြောပြပါတယ်။ သူဟာ ပုဂံမှာ မြင်းစီးစေဖို့ စိတ်ကူးကို အကောင်အထည်ဖော်ခဲ့သူလည်းဖြစ်ပါတယ်။

"အခုဒီဇင်ဘာမှာ တုရင်တောင်ကြောထဲမှာ ဖွင့်လှစ်ထားတဲ့ သဘာဝအပန်းဖြေစခန်းထဲမှာ မြင်းစီးလည်ပတ်မယ်။ အလှဓာတ်ပုံရိုက်ကူးမယ်။ နားမယ်။ တောင်ပတ်လည် ကာရံထားတော့ သဘာဝအိုအေစစ်လေးလို ဖြစ်နေတာပါ။ Indoor ရော၊ Outdoor ပါ မြင်းစီးတာကို ပြန်လည်စတင်ဖို့ ကြိုးစားဆောင်ရွက်နေပါပြီ"လို့ ဒေါ်အေးသီတာမိုးက ဆက်ပြောပါတယ်။

မြင်းစီးဧည့်လမ်းညွှန်တစ်ဦးဖြစ်သူ ကိုဇော်ဝမ်းကတော့ ပုဂံရဲ့ နေဝင်ဆည်းဆာအလှနဲ့ နေထွက်ချိန် အလှတရားမှာ နေထွက်ချိန်ကို ကြည့်ရတာက ပိုပြီးလှပတယ်လို့ စာရေးသူကို ပြောပြခဲ့ဖူးပါတယ်။ ရှေးဟောင်းအမွေအနှစ် စေတီပေါင်းများစွာနဲ့ ခံ့ညားလှတဲ့ ပုဂံမြေရဲ့ အလှတရားတွေဟာ ဘယ်အချိန်မှာပဲ ကြည့်ကြည့် ဘယ်သောအခါမှ ပျောက်ကွယ်သွားမယ့်အလှတရားတွေ မဟုတ်တာမို့ ပုဂံမြေကို သွားရောက်ခဲ့ရင် ပုဂံမြေတစ်ခွင်မှာ မြင်းစီးလည်ပတ်နိုင်ကြဖို့ ဒီတစ်ပတ်အတွက် ရေးသား ဖော်ပြပေးလိုက်ရပါတယ်။ ။





## Junior Golf Myanmar (JGM) (၁၀)နှစ်ပြည့်အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပ



**ရန်ကုန် အောက်တိုဘာ ၂၁**

မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ်နှင့် Junior Golf Myanmar (JGM) တို့ ပူးပေါင်းကျင်းပသော Junior Golf Myanmar (JGM) ၏ (၁၀) နှစ်ပြည့် အထိမ်းအမှတ် မျိုးဆက်သစ်လူငယ် ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမနေ့နှင့် ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ရှိ ရန်ကုန်ဂေါက်ကွင်း (တညင်းကုန်း)၌ကျင်းပရာ မြန်မာနိုင်ငံ ဂေါက်သီး အားကစားအဖွဲ့ချုပ်နှင့် Junior Golf Myanmar (JGM) တာဝန်ရှိသူများ၊ ရန်ကုန် ဂေါက်ကွင်းမှ အလုပ်အမှုဆောင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်သည်။

ဖွင့်ပွဲ အခမ်းအနားတွင် ရှေးဦးစွာ ပြိုင်ပွဲတွင် အားကစားသမားများနှင့် ဧည့်သည်တော်များ သတ်မှတ်တီခုံပေါ်တွင် နေရာယူကြပြီး Professional ကစားသမားများဖြစ်ကြသော ယဉ်မေမျိုး၊ မင်းနိုင်စိုး၊ သီဟဌေးနှင့် ဟိန်းစည်သူ၊ Junior Golf Myanmar (JGM) ဒုဥက္ကဋ္ဌ ဦးကျော်ကိုကိုချစ်၊ ဥက္ကဋ္ဌ ဦးမြင့်အောင်၊ မြန်မာနိုင်ငံ ဂေါက်သီး အားကစားအဖွဲ့ချုပ် ဒုဥက္ကဋ္ဌ ဦးအောင်မျိုးမင်းဒင်နှင့် ဥက္ကဋ္ဌ ဦးကိုကိုအေးတို့က အလှည့်ကျ ဂေါက်သီးရိုက်ကာ ဖွင့်လှစ်ပေးပြီး ပြိုင်ပွဲစတင်ကျင်းပသည်။ ပထမနေ့အပြီးတွင် အသက် (၁၈) နှစ်အောက် အမျိုးသားပြိုင်ပွဲတွင် ဟိန်းနိုင်ဇင်က စုစုပေါင်းရိုက်ချက် ၇၁ ချက်၊ အသက် (၁၄) နှစ်အောက် အမျိုးသားပြိုင်ပွဲတွင် ကောင်းမြတ်ဟိန်းက စုစုပေါင်း ရိုက်ချက်၈၆ ချက်၊ အသက် (၁၂) နှစ်အောက် အမျိုးသားပြိုင်ပွဲတွင် အောင်သန်းထွဋ်က စုစုပေါင်း ရိုက်ချက် ၈၄ ချက်၊ အသက် (၁၈) နှစ်အောက် အမျိုးသမီးပြိုင်ပွဲတွင် ချိုသာအောင်က စုစုပေါင်း ရိုက်ချက် ၈၁ ချက်ဖြင့် ထိပ်ဆုံးနေရာများတွင် အသီးသီးဦးဆောင်လျက်ရှိသည်။

ယင်းပြိုင်ပွဲတွင် အသက် (၁၂) နှစ်အောက် အမျိုးသားပြိုင်ပွဲတွင် ၁၃ ဦး၊ အသက် (၁၄) နှစ်အောက် အမျိုးသားပြိုင်ပွဲတွင် ကိုးဦး၊ အသက် (၁၈) နှစ်အောက် အမျိုးသားပြိုင်ပွဲတွင် ၁၁ ဦးနှင့် အသက် (၁၈) နှစ်အောက် အမျိုးသမီးပြိုင်ပွဲတွင် ၁၁ ဦး စုစုပေါင်း အားကစားသမား ၄၄ ဦး ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။ ပြိုင်ပွဲကို အောက်တိုဘာ ၂၁ ရက်မှ ၂၂ ရက်အထိ နှစ်ရက်တာကျင်းပမည်ဖြစ်သည်။

**ကိုညီလေး**

**ဓာတ်ပုံ – MGF**

## တောင်တွင်းကြီးမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်းပွဲ ကျင်းပ



**တောင်တွင်းကြီး အောက်တိုဘာ ၂၁**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ဝါးခြမ်းကာကျေးရွာအုပ်စုရှိ တောင်သူ ဦးတင်စိုး၏ ကွင်းအမှတ် ၁၉၉၉(က)၊ ဦးပိုင်အမှတ် (၄/၂)ရှိ တစ်ဧကစိုက်ခင်းတွင် ယမန်နေ့က ဆင်းသုခမိုးစပါးစံကွက် ရိတ်သိမ်းခြင်းကို ဆောင်ရွက်သည်။ **(ဓါပုံ)**

အဆိုပါ မိုးစပါးစံကွက်ရိတ်သိမ်းရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ဇင်ဦး၊ အဖွဲ့ဝင်(၁) ဗိုလ်မှူး သက်ခိုင်ထွန်း၊ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်မျိုးအေးနှင့် ဝန်ထမ်းများ၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုနှင့် စာရင်းအင်းဦးစီးဌာနမှ ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ တောင်သူများက ပူးပေါင်းပါဝင်ရိတ်သိမ်းကြရာ ဆင်းသုခစပါး တစ်ဧကစံကွက်အစိုအထွက်နှုန်း ၁၁၁ ဒသမ ၉ တင်းနှင့် အခြောက် အထွက်နှုန်း ၁၀၁ ဒသမ ၁ တင်း ထွက်ရှိကြောင်း သိရသည်။

**ဇော်ဘီ**

## မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ အသိပေးကြေညာချက် ( ၅ / ၂၀၂၃)

**၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်၊ သောကြာနေ့**

၁။ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီသည် သတင်းမီဒီယာသမားများ၏ရပိုင်ခွင့်နှင့် လွတ်လပ်ခွင့်များ အပြည့်အဝရရှိစေရန်နှင့် နိုင်ငံသားတိုင်း၏ သတင်းသိပိုင်ခွင့်ကို ဖြည့်ဆည်းပေးရန်တို့အပြင် သတင်းမီဒီယာသမားများကို အရည်အသွေးမြှင့်တင်ပေးရန်နှင့် သတင်းမီဒီယာများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက်လည်း ရည်ရွယ်ချက်ထား ဆောင်ရွက်လျက်ရှိပါသည်။

၂။ ယင်းသို့ဆောင်ရွက်ရင်းမှပင် သတင်းမီဒီယာသမားများနှင့် ဌာနဆိုင်ရာသတင်းအရင်းအမြစ်များအကြား အငြင်းပွားဖွယ်ရာများကြောင့်ဖြစ်စေ၊ အခြားအကြောင်းများကြောင့်ဖြစ်စေ၊ အခက်အခဲအကျပ်အတည်းများဖြင့် ရင်ဆိုင်ရသည်များရှိပါက မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက ကြားဝင်ညှိနှိုင်း ဆောင်ရွက်ပေးခြင်းဖြင့် နှစ်ဦးနှစ်ဖက်ပြေလည်မှုများ၊ သက်ဆိုင်ရာမှ ဖြေလျှော့ပေးခဲ့သည့် ဖြစ်စဉ်များရှိခဲ့ပါသည်။

၃။ ယနေ့ကာလတွင် နိုင်ငံတော်၏ဒီမိုကရေစီလမ်းကြောင်း တည့်မတ်အောင်မြင်စွာ လျှောက်လှမ်းနိုင်စေရန်အတွက်လည်းကောင်း၊ စစ်မှန်တည်တံ့ခိုင်မြဲသည့် ထာဝရငြိမ်းချမ်းရေးရရှိစေရန်အတွက် လည်းကောင်း၊ တိုင်းရင်းသားပြည်သူအားလုံး၏ ငြိမ်းချမ်းသာယာဝပြောသောအနာဂတ်နှင့် ကောင်းမွန်သောပစ္စုပ္ပန်ကို အစိုးရနှင့်ပြည်သူ တစ်ရပ်လုံးက ပူးပေါင်းလက်တွဲတည်ဆောက်ကြရမည့်အချိန်အခါဖြစ်သည့်အားလျော်စွာ သတင်းမီဒီယာသမားများ၊ သတင်းဌာနများသည်လည်း နိုင်ငံတော်၏စတုတ္ထမဏ္ဍိုင်အဖြစ် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

၄။ သို့ရာတွင် အချို့သောမီဒီယာသမားများနှင့် သတင်းဌာနများသည် သဘောထားရိုးဖြောင့်မှုမရှိဘဲ အထက်ပါ နိုင်ငံတော်နှင့်ပြည်သူများ၏ မျှော်မှန်းချက်ကိုသွေဖည်စေရန် ရည်ရွယ်ချက် ရှိရှိဖြင့် ကြံစည်ဆောင်ရွက်မှု၊ လှုံ့ဆော်မှုအချို့ကိုလည်းကောင်း၊ လူပုဂ္ဂိုလ်နှင့်အဖွဲ့အစည်းတို့အပေါ် ပုတ်ခတ်မှုများကိုလည်းကောင်း ဆောင်ရွက်လျက်ရှိနေသည်ကို လေ့လာတွေ့ရှိရပါသည်။ ထိုကဲ့သို့ ဆောင်ရွက်မှုသည် သတင်းမီဒီယာကဏ္ဍ၏ မှန်ကန်သောရပ်တည်မှုကို ထိခိုက်လာနိုင်သောကြောင့် အဆိုပါလုပ်ရပ်များကို တားမြစ်ပါကြောင်းနှင့် ထိုကဲ့သို့ဆောင်ရွက်မှုကြောင့် နောက်ဆက်တွဲဖြစ်ပေါ်လာမည့်ကိစ္စရပ်များကို မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီမှ ကူညီဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ**



နေပြည်တော်၌ ၂၀၂၃ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို အောက်တိုဘာ ၂၁ ရက်က ဒုတိယနေ့အဖြစ် မဏိရတနာကျောက်စိမ်းခန်းမ၌ကျင်းပရာ ပြပွဲအတွင်း ပြည်တွင်း၊ ပြည်ပမှ ကျောက်မျက်ရတနာကုန်သည်များက ကျောက်မျက်အတွဲများကို ဝယ်ယူရန်အတွက် စိတ်ဝင်စားစွာ ကြည့်ရှုစစ်ဆေးနေကြသည်ကို တွေ့ရစဉ်။ ခွန်(ဝင်းပ)

### ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၁ - ၁၀ - ၂၀၂၃

**စက်သုံးဆီ(လက်လီဈေးနှုန်းများ)**

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၂၅၅ ကျပ် | ၂၃၀၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၃၇၀ ကျပ် | ၂၄၂၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၀၁၅ ကျပ် | ၂၀၆၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၁၁၅ ကျပ် | ၂၁၆၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၇၀၀ | ၈၇၀၀ | ၅၁ | ၄၄၃၇၀၀ |
| MTSH | ၃၀၀၀ | ၃၀၀၀ | ၁၀၁၈၃ | ၃၀၀၄၉၀၀၀ |
| MCB | ၇၉၀၀ | ၇၉၀၀ | ၂ | ၁၅၈၀၀ |
| FPB | ၁၇၀၀ | ၁၇၀၀ | ၁၀ | ၁၇၀၀၀ |
| TMH | ၂၆၀၀ | ၂၆၅၀ | ၃၅ | ၉၁၇၅၀ |
| EFR | ၂၁၀၀ | ၂၁၀၀ | ၁၈၄၁ | ၃၇၈၇၅၅၀ |
| AHPC | ၄၉၀၀ | ၄၉၀၀ | ၁၄ | ၈၈၆၀၀ |
| MAEPC | ၁၇၅၀ | ၁၇၀၀ | ၃၂၅၂ | ၅၅၃၁၀၀၀ |

ညီညီ – စုစည်းသည်


မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | – | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | – | မြင့်စိုး |
| သတင်းထောက်မှူး | – | ခင်ရတနာ |
| စာတည်းများ | – | ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန် စာတည်း | – | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | – | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်း သတင်းထောက်များ | – | ဝေသူနွယ်၊ ဇော်ပိုင်းအောင်၊ ခင်ဖြူထွေး |
| ဓာတ်ပုံ သတင်းထောက် | – | တင်စိုး |
| သုတေသန | – | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | – | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | – | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | – | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | – | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | – | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်–စာတည်းမှူး ၀၆၇–၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇–၃၆၁၄၅၊ ဖက်စ် ၀၆၇–၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ– အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်–၄၀၊ စာတည်းအဖွဲ့ ၀၁–၅၄၄၃၀၉၊ မန်နေဂျာ ၀၁–၅၄၄၃၁၄၊ စီမံ ၀၁–၅၄၄၃၁၅၊ ငွေစာရင်း ၀၁–၅၄၄၃၁၆၊ ကြော်ငြာ ၀၁–၅၄၅၈၃၄၊ ၀၁– ၅၅၉၁၁၈၊ Fax ၀၁–၅၄၆၂၂၁၊ ၀၆၇–၃၆၁၄၈၊ ဖြန့်ချိရေး ၀၁–၅၄၄၃၁၇၊ Fax ၀၁–၈၆၀၄၅၄၆။

# နှစ်စဉ်လျှပ်စစ်ဓာတ်အား ကီလိုဝပ် နာရီ ၃၄ သန်းကျော် ထုတ်လုပ်နိုင်မည့် နမ့်ပင အသေးစား ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများ ၄၁ ရာခိုင်နှုန်းကျော် ပြီးစီး

**မုံရွာ အောက်တိုဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ်၌ နှစ်စဉ်ပျမ်းမျှ လျှပ်စစ်ဓာတ်အား ကီလိုဝပ် နာရီ ၃၄ ဒသမ ၆၈ သန်း ထုတ်လုပ်နိုင်မည့် နမ့်ပင အသေးစား ရေအားလျှပ်စစ်စီမံကိန်းတည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယခုအချိန်တွင် လုပ်ငန်းအားလုံး၏ ၄၁ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ဟုမ္မလင်းမြို့နယ် နားသကျိုက်ကျေးရွာအနီး နမ့်ပငချောင်းပေါ်တွင် တည်ဆောက်လျက်ရှိသည့် နမ့်ပင အသေးစား ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် အဖွဲ့ဝင်များ အောက်တိုဘာ ၂၀ ရက်က သွားရောက်ကြည့်ရှုစစ်ဆေးရာ ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ်(၂) တည်ဆောက်ရေး၊ တာဝန်ခံအင်ဂျင်နီယာက တည်ဆောက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က နမ့်ပင အသေးစားရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်ပြီးစီးပါက ဟုမ္မလင်းမြို့နှင့်အနီးရှိ ကျေးရွာများမှ ဒေသခံပြည်သူများနှင့် MSMEs လုပ်ငန်းများအတွက် လျှပ်စစ်ဓာတ်အား လုံလောက်အောင် ဖြည့်ဆည်းပေးနိုင်တော့မည်ဖြစ်၍ သတ်မှတ်ကာလတွင်ပြီးစီးအောင် ဆောင်ရွက်စေလိုကြောင်း မှာကြားသည်။



အဆိုပါ အသေးစားရေအားလျှပ်စစ်စီမံကိန်းသည် ဟုမ္မလင်းမြို့၏အနောက်ဘက် ခုနစ်မိုင်ခွဲခန့်အကွာ၊ နားသကျိုက်ကျေးရွာအနီးတွင် တည်ရှိပြီး တမံအလျား ၄၇၃ ပေ၊ တမံအမြင့် ၁၁၄ ဒသမ ၈ ပေ၊ ရေအားအမြင့် ၈၀ ဒသမ ၃၈ ပေ၊ နှစ်စဉ်ပျမ်းမျှ စီးဝင်ရေဧကပေ ၁ ဒသမ ၁၀ သိန်း၊ သံကူကွန်ကရစ်ရေပိုလွှဲဖြစ်ကာ တပ်ဆင်စက်အင်အား ၆ မဂ္ဂါဝပ်ဖြစ်ပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် တည်ဆောက်ရေးလုပ်ငန်းများအားလုံး ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဟုမ္မလင်းခရိုင် စုပေါင်းရုံးအဆောက်အအုံသစ် တည်ဆောက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

---

# မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၂ မြို့နယ်၌ စုစုပေါင်းအင်အား ၄၈၀၀ ကျော်ဖြင့် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်

**မကွေး အောက်တိုဘာ ၂၁**

မကွေးတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၂၂ မြို့နယ်၌ စုပေါင်းသန့်ရှင်းရေး လုပ်ငန်းများကို စုစုပေါင်းအင်အား ၄၈၀၀ ကျော်ဖြင့် ဘုရားစေတီပုထိုးများ၊ ဌာနဆိုင်ရာရုံး အဆောက်အအုံများ၊ မြို့၊ ရွာ၊ စာသင်ကျောင်း၊ ဆေးရုံများ သန့်ရှင်းသာယာလှပစေရေးနှင့် ပြည်သူများ ကျန်းမာရေးဆိုင်ရာ အထောက်အကူ ဖြစ်စေရေးတို့အတွက် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်းများကို အပတ်စဉ် (စနေနေ့တိုင်း) လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂၁ ရက်က မကွေးမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းနှင့် သင်ကြားရေးဆေးရုံဝင်းအတွင်း၌ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ အဆင့်မြင့်နှင့် အခြေခံပညာဦးစီးဌာနမှ ဆရာ ဆရာမများနှင့် လူမှုကူညီရေးအဖွဲ့အစည်းများ စုပေါင်း၍ ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်း၊ ကျောင်းနှင့် ဆေးရုံဝင်းအတွင်းရှိ အဆောက်အအုံများနှင့် မလွတ်ကင်းသော သစ်ကိုင်း၊ သစ်ပင်များ ခုတ်ထွင်ဖယ်ရှားရှင်းလင်းခြင်း၊ ရေမြောင်းများအတွင်း အမှိုက်သရိုက်များ ဆယ်ယူရှင်းလင်းခြင်း၊ အမှိုက်ကားများဖြင့် စနစ်တကျ သိမ်းဆည်းစွန့်ပစ်ခြင်းများကို ဝိုင်းဝန်းစုပေါင်းဆောင်ရွက်ကြရာ ဌာနဆိုင်ရာများ ပူးပေါင်း၍ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်၊ အနောက်ပိုင်း လေတပ်ကွပ်ကဲမှု ဌာနချုပ်မှူး ဗိုလ်မှူးချုပ် ထွန်းဝင်း၊ မကွေးလေတပ်စခန်းဌာနချုပ်မှူး ဗိုလ်မှူးကြီး သန်းနိုင်ညွန့်နှင့် တိုင်းဒေသကြီး ဝန်ကြီးများ သွားရောက်ကြည့်ရှု အားပေးခဲ့ကြောင်း သိရသည်။



**တိုင်းဒေသကြီး (ပြန်/ဆက်)**

---

# မြိတ်ကျွန်းစုခရီးသွားလုပ်ငန်းများ သီတင်းကျွတ်ပိတ်ရက် ခရီးသွားရာသီမှ စတင်လည်ပတ်မည်

**မြိတ် အောက်တိုဘာ ၂၁**

တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြိတ်ကျွန်းစုခရီးသွားလုပ်ငန်းများကို ကိုဗစ်-၁၉ ရောဂါကာလ သုံးနှစ်ကျော်အကြာ ရပ်နားထားခဲ့ရာမှ ယခုနှစ် သီတင်းကျွတ်ပိတ်ရက်ကာလ ခရီးသွားရာသီတွင် ပြန်လည်စတင်လည်ပတ်တော့မည်ဖြစ်ကြောင်း ခရီးသွားလုပ်ငန်းရှင်များထံမှ သိရသည်။

"ကျွန်းခရီးစဉ်တွေတော့ စတင်ပြေးဆွဲတော့မှာပါ။ ပြီးခဲ့တဲ့ရက်ပိုင်းက မြိတ်ခရိုင် ခရီးသွားလုပ်ငန်းရှင်များအသင်းက ခရီးစဉ်ပို့ဆောင်ပေးမယ့်ကျွန်းတွေဆီကို လေ့လာမှုတွေ လုပ်ခဲ့ပြီးပါပြီ၊ ခရီးသွားကုမ္ပဏီ ၂၀ လောက်ရှိပါတယ်။အဲဒီအထဲကမှ ရှစ်ခုလောက်က သီတင်းကျွတ်ရာသီကနေစတင်ပြီး ဝန်ဆောင်မှုပေးတော့မှာပါ"ဟု မြိတ်ခရိုင် ဟိုတယ်နှင့်ခရီးသွားလာရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မြိတ်ကျွန်းစုအတွင်းရှိ နာမည်ကြီးသည့် ကျွန်းခရီးစဉ်များလည်ပတ်နိုင်ရန်အတွက် လေးကျွန်း၊ သမီးလှ၊ ဒုံးရေတံခွန်၊ ဒုံးညောင်မှိုင်း၊ စမတ်ကျွန်း၊ ပဒန်းကျွန်း၊ ကြယ်လိပ်၊ဘေလီစသည့် ခရီးစဉ်များကို စီစဉ်ထားပြီး ခရီးစဉ် ဝန်ဆောင်မှုနှုန်းထားများကို လူတစ်ဦးလျှင် ငွေကျပ် နှစ်သိန်းမှ သုံးသိန်းခွဲအထိ သတ်မှတ်ထားကြောင်း သိရသည်။

"အဓိကအခက်အခဲက လေယာဉ်ခရီးစဉ်တွေ ကျပ်နေတာ၊ ရန်ကုန်-မြိတ်လေယာဉ်ခရီးစဉ်ကုန်ကျစရိတ်မြင့်မားနေတာတွေ၊ လောင်စာဆီ ဈေးနှုန်း



မြိတ်ကျွန်းစုခရီးသွားဒေသရှိ ပင်လယ်ကမ်းခြေတစ်ခုကို တွေ့ရစဉ်။



မြိတ်ကျွန်းစုဒေသရှိ ခရီးသွားများ ဆွဲဆောင်ရာ ကမ်းခြေတစ်ခု။

ကြီးမြင့်မှုကြောင့် ဈေးနှုန်းမြင့်သွားရတာတွေရှိနေပါတယ်။ အဆင့်မီပြင်ဆင်မှုတွေ၊ ဝန်ဆောင်မှုတွေ၊ ခရီးစဉ်ရေးဆွဲတာတွေမှာ အကောင်းဆုံး ဝန်ဆောင်မှုပေးနိုင်ဖို့ လုပ်ဆောင်နေပါတယ်။ အခက်အခဲကတော့ ခရီးသည်တွေ မြိတ်ကျွန်းစုကိုလာဖို့ လမ်းခရီးလုံခြုံမှု၊ ခရီးစရိတ်ကြီးမြင့်မှုတွေပဲ ဖြစ်ပါတယ်"ဟု Adman Beauty ခရီးသွားလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ကျွန်းပေါင်း ၈၀၀ ကျော် တည်ရှိသည့် မြိတ်ကျွန်းစုဒေသအတွင်း ပြည်တွင်း ပြည်ပခရီးသွားဧည့်သည်များအနေဖြင့် ရေပေါ်ရေအောက်ရှုခင်းများ၊ လှပသောသဲသောင်ပြင်များပါဝင်သည့် ကျွန်းများ၊ ဆလုံလူမျိုးများ၏ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများနှင့် လူနေမှုပုံစံများကို လေ့လာနိုင်မည့်အပြင် ရေကူးခြင်း၊ ဒေသသုံးလှေငယ်များဖြင့် သဘာဝဒီရေတောများကိုလည်း လေ့လာနိုင်ခြင်း၊ ငါးမျှားခြင်း၊ ငါးဖမ်းလှေများနှင့် လိုက်ပါငါးဖမ်းခြင်းလုပ်ငန်းများကိုလည်း လေ့လာလည်ပတ်နိုင်မည်ဖြစ်သည်။ ယခင်က ခရီးသွားအများစု စိတ်ဝင်တစားလည်ပတ်လေ့ရှိသောကျွန်းများမှာ လေးကျွန်း၊ ဘေလီကျွန်း၊ ကြယ်လိပ်ကျွန်း၊ ဒုံးညောင်မှိုင်း၊ စမတ်ကျွန်း၊ ပဒန်းကျွန်းနှင့် ဒုံးရေတံခွန်တို့ဖြစ်သည်။ **မြင့်ဦး(မြိတ်)**

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၂၁**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လှည်းကူးတိုးဂိတ်အနီး၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် Toyota Gasoline Engine တစ်လုံးအပါအဝင် ကုန်ပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၅၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hyundai Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၀၀၀၀၀၀) ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရ လည်းကောင်း၊ ရန်ကုန်-ပုသိမ်ကားလမ်းမကြီး မိုင်တိုင်အမှတ်(၁၇/၁)အနီး၌ ရပ်တန့်ထားသည့် မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားမဝင်သစ် ၁၉ ဒသမ ၄၄၈၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၇၇၉၂၈၀) နှင့် Fuso Bus မော်တော်ယာဉ်နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၀၀၀၀၀၀၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ အလုံခရိုင်အတွင်း၌ လိုင်စင်မဲ့ Honda Insight မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၁၂၇၉၂၈၀ ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အောက်တိုဘာ ၁၈ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မူဆယ်- မန္တလေးကားလမ်း မိုင်တိုင်အမှတ်(၂၃)မိုင် (၄)ဖာလုံ၌ မူဆယ်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် Flower Vase အလှစိုက်ပန်းအိုး ၃၁၅ ကီလိုဂရမ်အပါအဝင် ကုန်ပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၈၈၃၉၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၈၈၃၉၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အောက်တိုဘာ ၁၉ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မုံရွာမြို့နယ်အတွင်း၌ လိုင်စင်မဲ့ Super Cab မော်တော်ဆိုင်ကယ်နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀)နှင့် စစ်ကိုင်းမြို့ ကံတလူ ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Hijet မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၀၀၀၀၀၀) တို့ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ မုံရွာမြို့နယ်အတွင်း၌ တရားမဝင်သစ်မျိုးစုံ ၂ ဒသမ ၂၅ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၃၂၂၀၄)ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၀၈၂၂၀၄ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အောက်တိုဘာ ၁၉ ရက်တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ရာတွင် မူဆယ်မြို့ ဆင်ဖြူစစ်ဆေးရေးဂိတ်အကျော် လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့ ပစ္စည်းများဖြစ်သည့် Volvo Fuel Filter ၂၅ ခု အပါအဝင် ကုန်ပစ္စည်း ၂၃ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၇၁၀၀၀၀)ကိုလည်းကောင်း၊ မန္တလေး-လားရှိုး ပြည်ထောင်စုလမ်းမကြီး လားရှိုးမြို့အနီး၌ မူဆယ်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်နှစ်စီးနှင့် လားရှိုးမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Ps/ PVC/ Pet/ Plastic Nursery ကလေးကစားစရာ ကီလိုဂရမ် ၁၇၁၀၊ တရုတ်နိုင်ငံထုတ် ကြက်အူချောင်း ကီလိုဂရမ် ၇၆၀ အပါအဝင် ကုန်ပစ္စည်း ငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၅၀၁၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Jinbei Mini Bus တစ်စီး၊ Shwe Gantawin Mpv Micro Bus တစ်စီးနှင့် Nissan AD Van တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၂၁၁၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထပ်မံ၍ အောက်တိုဘာ ၁၉ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သံလွင်တံတားပူးပေါင်းစစ်ဆေးရေးဂိတ် (တရုတ်လုဘက်ခြမ်း)၌ ဘားအံမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Choice မုန့်ပုံး ၇၂ ပုံး၊ Trojan Creamer အထုပ် ၁၆၀၊ အသားတု ကီလိုဂရမ် ၂၀၀၀ အပါအဝင် ကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၄၂၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Sun Long Express တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ကော့ကရိတ်(တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် အမျိုးသမီးဝတ်ဂါဝန် အကျီအထည် ၃၀၀ အပါအဝင် ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၀၅၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၄၂၆၁၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အောက်တိုဘာ ၁၉ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင်ကြေညာထားသည်ထက် ပိုမိုပါရှိလာသည့် Romsons Volumetric Reference အခု ၁၀၀၀ အပါအဝင် ကုန်ပစ္စည်းခြောက်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၅၂၅၀၀)ကိုလည်းကောင်း၊ မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်း၌ သထုံမြို့မှ ပဲခူးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Prawn Hornet စားအုန်းဆီလီတာ ၅၄၀ အပါအဝင် ကုန်ပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၅၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hilux တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၈၀၂၅၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ အောက်တိုဘာ ၁၇ ရက်၊ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၇ မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ်၅၁၀၅၁၃၉၈၈၄)ဖြစ်ကြောင်းတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

## တာမွေမြို့နယ်၌ ဂက်စ်မီးဖိုအိုး ယိုစိမ့်၍ မီးလောင်မှုဖြစ်ပွား

**တာမွေ အောက်တိုဘာ ၂၁**

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် မလွကုန်းဒွေးကြွယ်(က)ရပ်ကွက် သမိန်ဗရမ်းလမ်းရှိ တိုက်အမှတ် (၂၂) ခုနစ်လွှာတွင် အောက်တိုဘာ ၂၀ ရက် ညနေ ၆ နာရီ ၅၅ မိနစ်က ဂက်စ်မီးဖိုအိုး ယိုစိမ့်၍ အခန်းအတွင်း ခေတ်ငွေ့များ ပျံ့နှံ့နေစဉ် မီးသုံးစွဲရာမှ မီးလောင်မှုဖြစ်ပွားခဲ့ပြီး လူနှင့် တိရစ္ဆာန် ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုဖြစ်စဉ်ဖြစ်ပွားခဲ့သည့် နေရာသို့ မီးငြိမ်းသတ်ယာဉ်ငါးစီး၊ ရှာဖွေကယ်ဆယ်ရေးယာဉ်တစ်စီး၊ အထောက်အကူပြုယာဉ်တစ်စီး၊ သန္တေမီးသတ်တပ်ဖွဲ့ဝင် ၃၅ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၀ ဦးတို့ဖြင့် ရောက်ရှိ မီးငြိမ်းသတ်ခဲ့ရာ ည ၇ နာရီ ၄ မိနစ်တွင် မီးငြိမ်းခဲ့ကြောင်းနှင့် မီးလောင်မှုကြောင့် ဂက်စ်အိုး၊ ရေခဲသေတ္တာ၊ အဝတ်လျှော်စက်နှင့် မီးဖိုချောင်အတွင်းရှိ ပစ္စည်းများ မီးလောင်ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုနှင့်ပတ်သက်၍ အခန်းပိုင်ရှင် ဦးချမ်းမြေ့ကျော်အား တာမွေမြို့မရဲစခန်းတွင် အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**နိုင်လင်းအောင်**
**(တာမွေ)**



## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် အောက်တိုဘာ ၂၁

**အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများ အရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း အောက်တိုဘာ ၂၀ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Nowel Nay Linn" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ရုံးကြီးရပ်ကွက်နေ စောနိုဝလ်နေလင်း(ခ) စနေဖိုးအား ညနေ ၄ နာရီခွဲတွင် ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# အသိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး ၂၀၂၃ ခုနှစ်၊ စက်မှုထုတ်ကုန်နှင့် ရေထွက်ကုန်ပစ္စည်း သီတင်းကျွတ် ဈေးရောင်းပွဲတော်ကို အရောင်းဆိုင်ခန်းများဖြင့် အောက်တိုဘာလ(၂၇) ရက်မှ အောက်တိုဘာ(၃၀)ရက်တိုင် နံနက်(၈)နာရီမှ ည(၁၀)နာရီအထိ ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ပြည့်သူ့ရင်ပြင်၌ စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ကြောင်းသိရသည်။ သီတင်းကျွတ်ဈေးရောင်းပွဲတော်ကြီးတွင် ဆိုင်ခန်းပေါင်း(၅၀၀)ခန့်ဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန် (၂၉ )ဇုန်မှ ထုတ်လုပ်သည့်ပစ္စည်းများ၊ MSME လုပ်ငန်းများ၊ အသေးစားစက်မှုလုပ်ငန်းများ၊ သမဝါယမဝန်ကြီးဌာနမှ ထုတ်ကုန်များနှင့် စက်မှုထုတ်ကုန်နှင့် ရေထွက်ကုန်ပစ္စည်းများ၊ တိုင်းနှင့်ပြည်နယ်များမှ ထွက်ကုန်ပစ္စည်းများကို ပြသရောင်းချသွားမည်ဖြစ်သည်။ ပွဲတော်ရက်အတွင်း နေ့စဉ် E-sport ဂိမ်းပြိုင်ပွဲများ၊ စတုဒိသာကျွေးမွေးမှုများ၊ ရုပ်ရှင်၊ သဘင်၊ ဂီတနယ်ပယ်မှ ကျော်ကြားသည့် အနုပညာရှင်များ၏ ဖျော်ဖြေမှုများ၊ ဆက်ကပ်၊ မျက်လှည့်၊ DJ၊ Dancer များ၏ ဖျော်ဖြေမှုများကို အားပါးတရ ကြည့်ရှုခံစားနိုင်ကြမည်ဖြစ်သည်။ ပွဲတော်တွင် ဆန်၊ ဆီ၊ ကြက်ဥ နှင့် ဟင်းသီးဟင်းရွက် အခြေခံစားကုန်များကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးသွားမည်ဖြစ်ကာ ပွဲတော်လာ ပြည်သူများအတွက် သွားလာရေး လွယ်ကူစေရန်အတွက် အကြို/အပို့ ကားများကိုလည်း စီစဉ်ထားရှိမည်ဖြစ်သည်။ သီတင်းကျွတ်လပြည့်နေ့နှင့် အဖိတ်နေ့များတွင်လည်း မီးရှူး၊ မီးပန်းများ ပစ်ဖောက်မည်ဖြစ်ပါသဖြင့် မိဘပြည်သူများအနေဖြင့် မည်သူမဆို ပျော်ရွှင်စွာဖြင့် လာရောက်ဆင်နွှဲနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပွဲဖြစ်မြောက်ရေးဦးစီးကော်မတီ**



### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဒဂုံမြို့နယ်၊ (၁၀၆) ရပ်ကွက်၊ အေးချမ်းသာယာလမ်း၊ မြေကွက်အမှတ် (၇၆၅) ပါမစ်မြေ၊ အလျား x အနံ (၄၀'x ၆၀') မြေကွက်အနက် တရားဝင်မခွဲစိတ်ရသေးသော မြေကွက်၏ညာဘက်ခြမ်းရှိ အလျား x အနံ (၂၀'x၆၀')မြေကွက်မှ ညာဘက်အစွန်ရှိ အလျားx အနံ (၁၀'x ၆၀') မြေကို စာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးကျော်လှ (၁၂/ပဘတ (နိုင်)၀၀၄၇၈၅)ထံမှ လည်းကောင်း၊ ဦးကျော်လှပိုင် မြေ၏ ဘယ်ဘက်ရှိ ကျန်အလျား x အနံ (၁၀x၆၀)ပေရှိ မြေကို စာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးသန်းကျော်စိုး (၁၂/ဥကတ (နိုင်)၁၃၇၁၂၉) ထံမှ လည်းကောင်း၊ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူမှဝယ်ယူရန် စရန်ငွေအချို့ကိုပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေကွက် (၂)ကွက်နှင့်စပ်လျဉ်း၍ ရောင်းဝယ်ခြင်းကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း အထောက်အထားမူရင်းများ ယူဆောင်၍ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်ပါက ဤမြေကွက် (၂၀'x၆၀') အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ခင်သီတာစိုး (၁၂/သဃက(နိုင်)၁၀၃၆၉၇) ၏**
**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ခင်မာဆွေ (B.A, H.GP, R.L) အထက်တန်းရှေ့နေ (စဉ်-၁၆၄၂၀)**
**တိုက် (၃၅)၊ အခန်း (၅)၊ ဝေဠုဝန်အိမ်ရာ၊ စမ်းချောင်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၉၂၇၂၀၂၁၃**



### အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

